# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ အင်္ဂါနေ့ အတွဲ (၆၄)၊ အမှတ်(၀၀၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၃၀**



နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။**(ယာပုံ)**


ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများအပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း

*စာမျက်နှာ ၇ ကော်လံ ၁ ◆*

*အထူးမိုးလေဝသသတင်း*

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်နိုင် လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှား

**နေပြည်တော် စက်တင်ဘာ ၃၀**




ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း ယနေ့

*စာမျက်နှာ ၄ ကော်လံ ၁ ❑*


**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်းပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကို ခွင့်ပြု**

ပြည်တွင်းသတင်း စာ ၃

**စိတ်ပျိုကိုယ်နု ဇရာကို အန်တုနိုင်သူများဖြစ်စေဖို့ အားပေးမြှင့်တင်ဖြည့်ဆည်းစို့**

ဆောင်းပါး စာ ၁၀

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကိုခွင့်ပြု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**လုပ်ငန်းအသစ် ရှစ်ခု ခွင့်ပြုပေး**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၅၅ သန်းနှင့် ငွေကျပ် ၄၆၀၀၅ ဒသမ ၂၂၆ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၉၇၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ပါဝင်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။ စီးပွားရေးကဏ္ဍ ၁၂ ခု အနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံး ဝင်ရောက်ထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းများက ရေဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများက နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ရှိရေဘေးဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက အဆိုပါ သာသနာ့ဗိမာန်၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျေးဇူးတင်စကားပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်သူများ၏ ကြုံတွေ့နေရသောအခက်အခဲများကိုသိရှိပြီး လိုအပ်သည့် ကူညီဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံ အားပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး ရေဘေးဒဏ်သင့် ပြည်သူများအတွက် ဆန်၊ ဆီနှင့် ရေသန့်များ ထောက်ပံ့လှူဒါန်းရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လက်ခံရယူ၍(ဝဲပုံ) ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က ရေဘေးသင့် ပြည်သူများ ယာယီရေဘေးရှောင်စခန်း၌ စားသောက်နေထိုင်မှု၊ သောက်ရေရရှိရန် ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းနေအရွယ်ကလေးများ အမြန်ဆုံးကျောင်းပြန်တက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ယနေ့ အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများက စေတနာထက်သန်စွာဖြင့် အိမ်ထောင်စု ၁၃၀ အတွက် ဆန်၊ ဆီနှင့်ရေသန့်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၃၀**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆပ်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာ ခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလ ဗုဒ္ဓိနှင့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူ ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

**ပရိတ်တရားတော်များနာယူကြည်ညို**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များ က ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ ထံမှ ငါးပါး သီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော် များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။






ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ် များက ဆရာတော် သံဃာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ **(အပေါ်ပုံ)** အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃)မင်္ဂလာကန်တော်၌ ကျင်းပပြုလုပ်သည့် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာ ကန်တော်အတွင်းသို့ ငါးမြစ်ချင်းငါးမျိုးစိတ် ငါးသား ပေါက်ကောင်ရေ ၁၀၀၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။**(ဝဲပုံ)**

ထို့အတူ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်၌ စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား ၁ကျပ်သား ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် အလှူ တော်ငွေကျပ် ၂၈၄၇၀၀၀နှင့် နေပြည်တော် ဒက္ခိဏ သီရိမြို့နယ်ရှိ "ကရုဏာကမ္ဘာ" ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၁၁၀၀၀၀၀ တို့ကို လှူဒါန်းဆောင်ရွက် ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


❑ ***ရှေ့ဖုံးမှ***

မွန်းလွဲမှ အောက်တိုဘာ ၅ ရက် အတွင်း နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်း ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး အချို့ ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ နှင့်အတူ လေပြင်းတိုက်ခတ်ခြင်း များ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက် ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ် ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ် များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင် ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ် များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါ ရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်း ပျံသန်းရေး အနေဖြင့်လည်း ကြိုတင် သတိပြုနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါ သည်။

**မိုး/ဇလ**






## ရေကြီးနစ်မြုပ်ဖြစ်ပေါ်မှုကြောင့် စပါးစိုက်ခင်းများတွင် ကျရောက်နိုင်သည့် ပိုးမွှားရောဂါများအကြောင်း အသိပညာပေးဆွေးနွေး

**ကျောက်ဆည် စက်တင်ဘာ ၃၀**

ကျောက်ဆည်မြို့နယ်ရှိ ကျေးရွာ ၂၀ မှရေကြီးနစ်မြုပ် ဖြစ်ပေါ်ပြီးနောက်ပိုင်း ရေပြန်ပေါ်သည့် စပါးစိုက်ခင်း များတွင် ကျရောက်နိုင်သည့် ဖြုတ်ညိုကျရောက် ဖျက်ဆီးမှုများ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာန တိုင်း/ခရိုင်သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ရှိ သူများ၊ ကျောက်ဆည်မြို့နယ် မြို့နယ်ဦးစီးမှူးနှင့် စပါးစိုက်တောင်သူများ တက်ရောက်ကြသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် တိုင်း သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းထက်က ရေကြီးနစ်မြုပ်ဖြစ်ပေါ်ပြီးနောက် ဖြစ်ပေါ်တတ်သော ပိုးမွှားရောဂါနှင့် ဖြုတ်ညိုဖျက်ပိုး ဘက်စုံကာကွယ် ရေးတို့ကို ဆွေးနွေးပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က ကျောက်ဆည်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ပျက်စီးကေများတွင် အချိန်မီပြန်လည် စိုက်ပျိုးနိုင်ရေးနှင့် စပါးပြန်မစိုက်နိုင်သော ဧကများ တွင် နောက်သီးနှံများဖြစ်သော ကုလားပဲ၊ နေကြာ တို့ဖြင့် အစားထိုး ပြန်လည်စိုက်ပျိုးနိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မန္တလေးမြို့ရှိ အောင်မြင်သူ စိုက်ပျိုးရေးဆေးဆိုင်မှ ဆေးဖျန်းပုံးနှင့်ကျောက်ဆည် မြို့နယ် တောင်သူကြီးစိုက်ပျိုးရေးဆေးဆိုင်တို့မှ ထောက်ပံ့ပေးသော ပိုးသတ်ဆေး ဆေးဖျန်းပုံးများ ထောက်ပံ့ပေးအပ်သည်။ ကျောက်ဆည်ခရိုင်အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၆၄၃၇၀၀၀ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

## မိုးတိမ်တောင်ဖြစ်ထွန်းမှု မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တစ်ပြည်လုံးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ် ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ် ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက် ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့် အတင့်ရှိနေသည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



**မြစ်ကြီးနား စက်တင်ဘာ ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်သော ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။(ယာပုံ)

**ကြိုးစားဆောင်ရွက်**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန် မှာကြားချက်များကို အောင်မြင်စွာ လိုက်နာအကောင်အထည်ဖော်နိုင်ရေးနှင့် အဓိက ရည်မှန်းချက်ဖြစ်သော ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် တစ်ဆက်တစ်စပ်တည်းဆောင်ရွက်ရသော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဒေသတွင်း တည်ငြိမ်အေးချမ်းစွာ ကောက်ယူနိုင်ရေး အလေးအနက်ထား ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများအပေါ် နိုင်ငံသားတိုင်း သိသင့်၊ သိထိုက်သည်များကို ကျောင်းသားကလေးအရွယ်မှစတင်၍ ဝန်ထမ်းများအပါအဝင် အရွယ်ရောက်ပြီးသူတိုင်း သိရှိနားလည်နိုင်ရေး အသိပညာပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံသားတိုင်း ဥပဒေကို လေးစားလိုက်နာပြီး ပိုကောင်းသည့် ပတ်ဝန်းကျင်များကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပွင့်လင်းရင်းနှီးစွာ တင်ပြဆွေးနွေးပေးကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်(၄)ရပ်အပါအဝင် အောက်တိုဘာ ၁ ရက်မှစတင်၍ ခရိုင်၊ မြို့နယ်များအလိုက် သန်းခေါင်စာရင်းကောက်ယူသွားမည့် အစီအမံများ၊ ဒေသဝမ်းစာ ဖူလုံရေးအတွက် ဆန်ဖူလုံမှုနှင့် ဒေသတွင်းစားသုံး ဖူလုံရေးအတွက် ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ပထမနှစ်စက်ဝန်းဖြင့် အိမ်ထောင်စု ၃၀၀၀၀ ကျော်ကို ရင်းနှီးမတည်ပေးနိုင်ခဲ့မှု၊ ဒုတိယနှစ်စက်ဝန်းဖြင့် ချေးငွေလည်ပတ်နေမှုနှင့် စက်သုံးဆီနှင့် အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ပစ္စည်းများ တင်သွင်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် အဆိုပါ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည့် ကချင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော ကဏ္ဍများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

**ဖြေရှင်းဆောင်ရွက်ပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပြီး ဘဏ္ဍာနှစ်အလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် ပြည်နယ်ရန်ပုံငွေ၊ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌများဖြစ်သည့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က လုပ်ငန်း လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# “(၂၀၂၄)ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့” အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

(၂၀၂၄) ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။



**အကောင်အထည်ဖော်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်းတွင် နှလုံးနှင့်နှလုံးသွေးကြောရောဂါများကြောင့် နှစ်စဉ်လူဦးရေ ၂၀ ဒသမ ၅ သန်းကျော် သေဆုံးနေရပြီး သေဆုံးမှု၏ ၈၅ ရာခိုင်နှုန်းသည် ရုတ်တရက်နှလုံးရပ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းနှင့် လေဖြတ်ခြင်းတို့ကြောင့် သေဆုံးနေရခြင်းဖြစ်သည်ကို ကမ္ဘာ့နှလုံးကျန်းမာရေးဖက်ဒရေးရှင်း၏ အချက်အလက်များအရ သိရှိရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွင်း နှလုံးနှင့်နှလုံးသွေးကြောရောဂါများ အပါအဝင် အခြားမကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၂၃-၂၀၂၇)ကို ရေးဆွဲပြီး ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ဦးစားပေးဆောင်ရွက်**

နှစ်စဉ် စက်တင်ဘာ ၂၉ ရက်တွင် ကျရောက်သည့် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့တွင် ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်မြို့နယ်များတွင် အထိမ်းအမှတ်အခမ်းအနားများ၊ လှုပ်ရှားမှုများကို ကျင်းပပြီး ပြည်သူလူထုအတွင်း နှလုံးကျန်းမာရေးနှင့် ပတ်သက်၍ ကျန်းမာရေးအသိပညာ မြင့်မားစေရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ **“Use Heart for Action”** ဖြစ်ပြီး **“နှလုံးအစဉ် ကျန်းမာဖို့ သိညာဏ်ဆင်ခြင် ဆောင်ရွက်စို့”**ဟု မြန်မာဘာသာပြန်ဆိုထားပြီး ပြည်သူလူထုအတွင်း မိမိတို့နှလုံးကျန်းမာရေးအတွက် အသိညာဏ်ဖြင့် ဆင်ခြင်ပြီး ရောဂါမဖြစ်အောင် အစဉ်သတိဖြင့် စောင့်ရှောက်နေထိုင်သွားရန်နှင့် မူဝါဒရေးဆွဲချမှတ်သူများ အနေဖြင့်လည်း နှလုံးသွေးကြောရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းအတွက် ဦးစားပေးဆောင်ရွက်ကြရန် တိုက်တွန်းလိုခြင်းဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသမှ ပြည်သူများ လက်လှမ်းမီစေရေးအတွက် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါဆေးကုသမှုဆေးခန်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိကြောင်း၊ ကုသမှုအတွက် လိုအပ်သော မကူးစက်နိုင်သော ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းသုံး အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများ ပြတ်လပ်ခြင်းမရှိအောင် ကျန်းမာရေးဝန်ကြီးဌာနမှ ရန်ပုံငွေကျပ် သန်းပေါင်းများစွာ အကုန်အကျခံ ဝယ်ယူဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဌာနများမှ နှလုံးနှင့် နှလုံးသွေးကြောရောဂါ ကာကွယ်ကုသရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသကဲ့သို့ ပြည်သူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် မိမိ၏ နှလုံးကျန်းမာရေးအတွက် မိမိကစပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှုပုံစံကို အသိညာဏ်ဖြင့် ဆင်ခြင်နေထိုင်သွားကြရန် အလေးထားတိုက်တွန်းပြောကြားသည်။

**ဆရာဝန်များအတွက် လက်စွဲစာအုပ်ပေးအပ်**

ထို့နောက် (၂၀၂၄)ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ်ဗီဒီယိုပြသပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နှလုံးသွေးကြောရောဂါကာကွယ်ထိန်းသိမ်းရေး စီမံချက်နှင့် ဆီးချိုသွေးချိုထိန်းသိမ်းရေးစီမံချက်တို့မှ စီမံချက်မန်နေဂျာများက နှလုံးနှင့် နှလုံးသွေးကြောရောဂါကာကွယ်ကုသမှုဆိုင်ရာ ဆရာဝန်များအတွက် လက်စွဲစာအုပ်ကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။(ဝဲပုံ)

မွန်းလွဲပိုင်းတွင် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အစီအစဉ်တစ်ရပ်အဖြစ် နှလုံးနှင့်နှလုံးသွေးကြောရောဂါကာကွယ်ကုသမှုဆိုင်ရာ ဗဟိုအဆင့် မွမ်းမံသင်တန်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သင်တန်းသားများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့မှုဖြစ်ပေါ်ခဲ့သည့် စမုံရာဘာရေလွှဲဆည်နှင့် ရေတင်အဆောက်အအုံများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် စက်တင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီး ရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စမုံရာဘာရေလွှဲဆည်နှင့် ရေတင်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကြသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ကြည့်ရှုစဉ် ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများက မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခဲ့မှုများကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကင်းတား ရေလှောင်တမံနှင့် မြို့ကြီး ရေလှောင်တမံများ၏ ရေဆင်းဧရိယာ နေရာအနှံ့အပြားမှ ရေများအလုံးအရင်းဖြင့် စီးဆင်းဝင်ရောက်လာခဲ့ပြီး မြို့ကြီးရေလွှဲဆည်၊ မြို့ကြီးမြောင်းမတော် အမှတ်(၁)နှင့် စမုံရေထိန်းတမံ၊ စမုံရာဘာတမံများ၊ ရေတင်စက်များ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်အခြေအနေ၊ ကင်းတား လက်ယာ ရေသောက်စနစ်ရှိ စိုက်ပျိုးမြေဧရိယာ ၃၈၄၂၈ ဧကကို ရေကူဖြည့်တင်းပေးဝေလျက်ရှိသည့် မြို့ကြီးရေလွှဲဆည်၏ မြေကာနံရံများ၊ ကျောက်ကွက်များ ပြိုကျပျက်စီးခဲ့မှုနှင့် မြို့ကြီးမြောင်းမတော် အမှတ် (၁) ပြန်လည်ပြင်ဆင်မှုများ လုပ်ဆောင်ရန် လိုအပ်ချက်များ၊ ဆက်စပ် အဆောက်အအုံများ၊ ရှင်းလင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ရေနစ်မြုပ်ခဲ့မှု၊ ရေပြန်ကျပြီးနောက် စမုံရာဘာတမံ ဝဲ၊ ယာရှိ မြေကာနံရံများ ပြိုကျပျက်စီးပြီး ရေတင်စက်ရုံ Pump House အဆောက်အအုံရေစီးနှင့်အတူ မျောပါသွားခဲ့မှု၊ စမုံရာဘာတမံထိခိုက်ပျက်စီးခဲ့သဖြင့် မိတ္ထီလာလွင်ပြင်ဒေသရှိ စိုက်ပျိုးမြေဧရိယာဧက ၈၀၀၀ သို့ စိုက်ပျိုးရေ ပုံမှန်ပြန်လည်ပေးဝေနိုင်ရေးအတွက် အချိန်မီပြန်လည်ပြုပြင်ရန် လိုအပ်ချက်များ၊ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ကင်းတားလက်ဝဲမြောင်းမကြီး၊ စမုံရေငုပ်ပြွန်အဆောက်အအုံ၏ အထက်ပိုင်းတွင် ပြင်ဆင်၍ မိုးသီးနှံရေပေးဝေနိုင်ရေး အမြန်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကင်းတားလက်ဝဲမြောင်းမကြီး၏ စမုံမြစ်ဖြတ်နေရာတွင် ရေငုပ်ပြွန်အသစ်တစ်ခုဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေမှု၊ စမုံရေငုပ်ပြွန်အောက်ပိုင်းရှိ လက်တံ(၉)နှင့် လက်တံ (၁၀) တို့ရှိ မိုးသီးနှံလျာထားဧက ၂၅၀၀ ခန့်ကို စမုံမြစ်မှ ရေတင်စနစ်ဖြင့် ကင်းတား လက်ဝဲမြောင်းသို့ ရေပေးဝေနိုင်မည့် နည်းလမ်းရှာဖွေ၍ အမြန်ဆုံးဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက ဦးစားပေးလုပ်ငန်းများ သတ်မှတ်ပြီး ရာသီအချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုဝန်ကြီးဌာနတို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး ရေတင်အဆောက်အအုံ အမြင့် ၁၄ ပေခန့်အထိ ရေကြီးနစ်မြုပ်ခဲ့မှု၊ ထိခိုက်ပျက်စီးခဲ့သည့် ၄၀ ကျူးဆက်ပန့် လေးလုံး ပြုပြင်ပြီးစီးမှု၊ ၂၈၀ ကီလိုဝပ် ရေတင်မော်တာ လေးလုံး ပြုပြင်နေမှု၊ ကွန်ထရိုးပန်နယ် ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ထရန်စဖော်မာများ ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာ – ကျောက်ပန်းတောင်း ကားလမ်းဘေးဝဲယာ စိမ်းလန်း စိုပြည်ရေးအတွက် ဒေသ မျိုးရင်းသစ်မျိုးများဖြင့် ၂၀၂၄ မိုးရာသီတွင် တည်ထောင်စိုက်ပျိုးခဲ့သော လမ်းဘေးဝဲယာ တစ်အုပ်တစ်မစိုက်ခင်း အပင် ၁၅၀၀ နှင့် တစ်အုပ်တစ်မ စိုက်ခင်း အပင် ၁၀၀၀ တို့၏ ရှင်သန်အောင်မြင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ပျိုးထားသော အပင်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်း စောင့်ရှောက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ်ရှိ မြို့မသစ်တော ပျိုးဥယျာဉ်၌ သစ်မျိုး ၁၁ မျိုးဖြင့် ပျိုးပင် ၁၂၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၃၀**

ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဦးဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စိစစ်ကြပ်မတ်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဓာတ်မြေဩဇာတန်ချိန် ၁ ဒသမ ၆ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၃၂၀၀၀ တင်သွင်းနိုင်ရေး လျာထားချက်အရ စက်တင်ဘာ ၂၅ ရက်အထိ ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်များ ထောက်ခံပေးခဲ့ရာ မြေဩဇာတန်ချိန် ၉၅၆၆၇၅ ဒသမ ၇၇ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၁၃၉၄၉ ဒသမ ၅၄ တန် ရှိပြီဖြစ်ကြောင်း၊ ဇူလိုင်လမှစတင်၍ Export Earning အထောက်အထားပြနိုင်သည့် ကုမ္ပဏီများကို သွင်းကုန်လိုင်စင်ရရှိရေး ထောက်ခံပေးလျက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ SOP နှင့်အညီ လုပ်ငန်းစဉ်များ မြန်မြန်ဆောင်ရွက်ရန်လိုကြောင်း၊ သွင်းကုန်လိုင်စင်ရရှိပြီး ပြီးပြတ်အောင် တင်သွင်းနိုင်ရေး စိစစ်ကြပ်မတ်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြပေးစေလိုကြောင်း။

ရာဂီမုန်တိုင်းဒဏ်ကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရေကြီးနစ်မြုပ်ခဲ့သဖြင့် စိုက်ကေများ ပျက်စီးဆုံးရှုံးခဲ့မှုအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအနေဖြင့် လိုအပ်ချက်များကို နည်းလမ်းရှာဖွေဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများလိုအပ်မည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားရန်နှင့် အနည်းဆုံးလိုအပ်ချက်ကို ပညာရှင်များက ဆွေးနွေးဆုံးဖြတ်ပေးရန် လိုအပ်ကြောင်း၊ သတ်မှတ်ဈေးနှုန်းထက် ဈေးတင်ရောင်းချခြင်း၊ ဈေးကစားခြင်းများမဖြစ်ပေါ်ရေးနှင့် အရည်အသွေး မှန်ကန်မှုရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကွင်းဆင်းကြီးကြပ်ပေးစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က သွင်းအားစုတန်ချိန်များ အတည်ပြုမှတ်တမ်းတင်နိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်အသင်းမှ ကိုယ်စားလှယ်က မြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချ အသုံးပြုမှုအခြေအနေများကို လည်းကောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဈေးနှုန်းမှန်ကန်စေရေး၊ အရည်အသွေးမှန်ကန်စေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဝိုင်းဝန်းဆွေးနွေးတင်ပြ**

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်နှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြရာ ဦးဆောင်ကော်မတီအဖွဲ့ဝင်ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရမည်းသင်းမြို့နယ် နည်းပညာတက္ကသိုလ်(ရမည်းသင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း) တို့ရှိ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၃၀

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ်ရှိ နည်းပညာတက္ကသိုလ်(ရမည်းသင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ် (ရမည်းသင်း) သို့ ရောက်ရှိပြီး စာမေးပွဲခန်းများ၌ အင်ဂျင်နီယာ ဘွဲ့ကြိုသင်တန်းများမှ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေကြီး ရေလျှံမှုများကြောင့် တက္ကသိုလ်ဝင်းအတွင်းရှိကျောင်းသူအဆောင်၊ ဝန်ထမ်းအဆောင်တို့တွင် ရေများ ဝင်ရောက်ခဲ့မှု၊ မြေသားလမ်းများပျက်စီးမှု၊ အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းမှု အခြေအနေများ၊ သောက်ရေသန့်၊ သုံးရေနှင့် မီးရရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း) တွင် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



◆ ရှေ့ဖုံးမှ

အပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန် ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးမြို့၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

**ပဲခူး စက်တင်ဘာ ၃၀**

ပဲခူးမြို့ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး) သင်တန်းခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီမှ ကြီးမှူး၍ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်က သင်တန်းသားများအနေဖြင့် လေ့လာဆည်းပူးခဲ့သော စာတွေ့၊ လက်တွေ့ ပညာရပ်များကို ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ပါက မိသားစုဝင်ငွေ ရရှိနိုင်မည့် ကိုယ်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်မည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ သင်တန်းပြီးစီးပါက သင်ယူခဲ့သည့် အသိပညာ၊ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများကို အသုံးချပြီး မိမိတို့၏ လုပ်ငန်းနယ်ပယ်များတွင် ပြန်လည်အသုံးချ လုပ်ကိုင်နိုင်အောင် ကြိုးစား ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်မာသက်က သင်တန်းဖွင့်လှစ်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် အဖွဲ့ဝင်များက ပြသထားသည့် ထုတ်ကုန် ပစ္စည်းများနှင့် သင်တန်း အထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။ **(အောက်ပုံ)**

အဆိုပါ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်းကို အောက်တိုဘာ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကာ ကျွမ်းကျင်သင်တန်းနည်းပြများက အဝတ်လျှော် ဆပ်ပြာရည်ပြုလုပ်နည်း၊ ပန်းကန်ဆေးဆပ်ပြာရည် ပြုလုပ်နည်း၊ လက်ဆေးဆပ်ပြာရည် ပြုလုပ်နည်း၊ ရေချိုးဆပ်ပြာရည် ပြုလုပ်နည်းနှင့် ဆပ်ပြာခဲပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သက်ထက်**



## လက်ပံတန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧကလျှင် ၁၃၈ တင်းနှုန်းထွက်ရှိ



လက်ပံတန်း စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိရာ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ကွမ်းခြံကျေးရွာအုပ်စု ကျေးနီရွာရှိ တောင်သူ ဦးခင်ဝင်း၏ Drum Seeder ဖြင့် စိုက်ပျိုးထားသော မော်ဘီ - ၃ မိုးစပါးနှစ်ဧကကွင်း၌ ယမန်နေ့နံနက်ပိုင်းက စံကွက်ရိတ်သိမ်းခဲ့သည်။ (ဝဲပုံ)

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများပူးပေါင်း၍ မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ မော်ဘီ-၃ မိုးစပါးစိုက်ခင်းမှ တစ်ဧကလျှင် အစိုထွက်နှုန်း ၁၃၈ ဒသမ ၆ တင်း ထွက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုးပိုလာမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပသည့် (၇) ကြိမ်မြောက် ရုရှားစွမ်းအင် ရက်သတ္တပတ်အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်



နေပြည်တော် စက်တင်ဘာ ၃၀

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာ ဖိုရမ်သို့ တက်ရောက်ခဲ့သည်။**

စက်တင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် (၇) ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာ ဖိုရမ်၏ **“Low–Carbon Energy: The Foundation of a Sustainable Future”** ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကာဗွန်နည်းသော အရင်းအမြစ်များ ဖြစ်သည့် ပြန်ပြည့်မြဲစွမ်းအင် (ရေအား၊ လေအား၊ နေရောင်ခြည်) ကို နိုင်ငံတော်ဓာတ်အားစနစ် (National Grid)နှင့် ချိတ်ဆက်ပြီး ဓာတ်အားထုတ်လုပ်သည့် စီမံကိန်းများ အကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရေအားလျှပ်စစ်၊ လေစွမ်းအင်အရင်းအမြစ်ရရှိနိုင်သည့် နေရာများတွင် စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို ဆောင်ရွက်လျက်ရှိရာ ကုန်းတွင်းစီမံကိန်းနေရာ ၂၈ ခုနှင့် ကမ်းလွန်စီမံကိန်း နေရာနှစ်ခုရှိကြောင်း၊ လေအားစွမ်းအင်သုံး၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ Energy Storage System နှင့် ပေါင်းစပ်ပြီး ဓာတ်အားစနစ်သို့ ပို့လွှတ်ခြင်းဖြင့် တည်ငြိမ်သည့် ဓာတ်အားပေးစနစ် ရရှိရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားကို တည်တည်ငြိမ်ငြိမ်ဖြင့် ကာလကြာရှည်စွာ၊ ယုံကြည်စိတ်ချစွာ ဖြည့်ဆည်းပေးနိုင်ပြီး မြန်မာနိုင်ငံတွင် ကာဗွန်ထုတ်လုပ်မှုအနည်းဆုံး စွမ်းအင် အရင်းအမြစ်များကို ပေါင်းစပ်ဓာတ်အား ထုတ်လုပ်ခြင်းဖြင့် UNFCCC ၏ ဆုံးဖြတ်ချက်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ် (Nationally Determine Contribution – NDC) ပါ ရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်တန် ၁၀၅ သန်းကျော် လျှော့ချရေးကို ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ဖိုရမ်၏ပင်မအစီအစဉ်ဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် အီကွေတိုရီရယ်ဂီနီသမ္မတနိုင်ငံ သမ္မတတီယိုဒိုရို အိုဘင်ရာ နဂွင်းမာ အမ်ဘားဆိုဂို (Teodoro Obiang Nguema Mbasogo)တို့က ကမ္ဘာ့နိုင်ငံများ၏ စွမ်းအင်ကဏ္ဍ ပူးပေါင်း ဆောင်ရွက်ခြင်းအပေါ် ဆွေးနွေးခဲ့ကြသည့် မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် **Rosatom** ၏ အကြီးအကဲဖြစ်သူ ဥက္ကဋ္ဌ အလက်ဆီလီကာချော့နှင့် အဖွဲ့အားတွေ့ဆုံ၍ နှစ်နိုင်ငံအကြား လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များကို ဆွေးနွေးပြီး ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။

စက်တင်ဘာ ၂၇ ရက်တွင် ပြည်ထောင်စု ဝန်ကြီးသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများဖြစ်သည့် Rosatom Renewable Energy ကုမ္ပဏီ၊ Rosatom Smart Utilities ကုမ္ပဏီ၊ Rosatom Energy Projects ကုမ္ပဏီများနှင့် တွေ့ဆုံခဲ့ပြီး လေအားလျှပ်စစ်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ရေအားလျှပ်စစ်စက်ရုံများ မွမ်းမံပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၂၈ ရက်တွင် နျူကလီးယားနည်းပညာ ဖြစ်ပေါ်တိုးတက်မှု သမိုင်းပြတိုက် Atom Pavilion သို့ သွားရောက်လေ့လာပြီး လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (လောပိတ)သို့ ရေဝင်ရောက်မှုအခြေအနေကြည့်ရှုစစ်ဆေး



**လွိုင်ကော် စက်တင်ဘာ ၃၀**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်း အမှတ် (၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ (လောပိတ) သို့ရောက်ရှိရာ အမှတ် (၂) စက်ရုံ တာဝန်ခံ ဦးဇော်မင်းထွန်းက လက်ရှိ ဘီလူးချောင်းရေ မြင့်တက်သဖြင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ကာ ရေစီးကြောင်းများမှ တစ်ဆင့် စက်ရုံအတွင်း ရေများ ဝင်ရောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်ရုံ အတွင်း ရေဝင်ရောက်မှုအခြေအနေများ ၊ Switch Yard နှင့် စက်ရုံဝင်းအတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင် ကာကွယ်ထားသည့် သဲအိတ်များ ကာရံထားရှိခဲ့မှု အခြေအနေများနှင့် ဘီလူးချောင်း ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ရေထိန်းတမံအသစ် ပြန်လည် တည်ဆောက်နိုင်ရန်၊ ရေစီးလမ်းကြောင်းများ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်နှင့် စက်ရုံအတွင်းထပ်မံ၍ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး အတွက် သဲအိတ်များ ထပ်မံတိုးမြှင့် ကာရံထားရန်၊ ရေများ အမြန်ဆုံး ပြန်လည်စုပ်ထုတ်နိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အမှတ်(၁)စက်ရုံနှင့်အမှတ်(၂)စက်ရုံတို့အကြား ဘီလူးချောင်းရေ မြင့်တက်မှုကြောင့် ရေလွှမ်းဧရိယာဖြစ်ပေါ်နေမှု အခြေအနေများနှင့် ၎င်းနေရာမှ စက်ရုံများသို့ ရေတိုက်စားစီးဆင်းမှုမရှိစေရေး ဆောင်ရွက်နေသည့် တာအသစ်တည်ဆောက်နေမှုနှင့် တာတမံအဟောင်း ပြန်လည် ပြုပြင်နေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဘီလူးချောင်း အမှတ် (၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ (လောပိတ) သို့ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည် ကြည့်ရှုသည်။ ထို့နောက် စက်ရုံအား ပုံမှန်လည်ပတ်နိုင်ရေး၊ စက်ရုံနှင့်စက်ရုံပတ်ဝန်းကျင် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် ကြိုတင်စီမံဆောင်ရွက်ထားရှိရေးနှင့် ဝန်ထမ်းများ၏ အလုပ်ခွင်အန္တရာယ် ကင်းရှင်းစေရေး ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# MGMA ၏ ပထမအဆင့် (Phase I) လက်ကမ်းအလှူပက်ကေ့ချ်အစီအစဉ်ဖြင့် နေပြည်တော်ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း(MGMA)၏ ပထမအဆင့် (Phase I) လက်ကမ်းအလှူ ပက်ကေ့ချ် အစီအစဉ်ဖြင့် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေပြည်တော်ရှိ ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းအစီအစဉ်တွင် MGMA နှင့် အသင်းသူ အသင်းသားများ၏ တစ်ယောက်တစ်လက် ကမ်းလက်အလှူများဖြင့် မိသားစုဝင်ပေါင်း ၁၀၀၀ အတွက် ငွေကျပ်သိန်းတစ်ထောင် မတည်၍ စက်တင်ဘာ ၂၇ ရက်တွင် စက်ရုံကျေးရွာရှိ အိမ်ထောင်စုပေါင်း ၁၃၀ နှင့် သာယာစုကျေးရွာရှိ အိမ်ထောင်စုပေါင်း ၁၁၀ သို့ ဆန်၊ ဆီ၊ ဆား အပါအဝင် လူသုံးကုန်ပစ္စည်း ၁၉ မျိုးတို့ကို သွားရောက်လှူဒါန်းခဲ့ပြီး ထို့အတူ စက်တင်ဘာ ၂၈ ရက်တွင် ညောင်ပင်ကြီးကျေးရွာရှိ အိမ်ထောင်စုပေါင်း ၃၅၂ စုနှင့် ချောင်းကမ်းကြီးကျေးရွာရှိ အိမ်ထောင်စုပေါင်း ၂၆၇ စုသို့ ထပ်မံသွားရောက်လှူဒါန်းသည်။

ဆက်လက်၍ ရေဘေးနှင့် မြေပြိုမှုကို ပြင်းထန်စွာခံစားခဲ့ရသော ရှမ်းပြည်နယ်ပအိုဝ်းဒေသများသို့ လက်ကမ်းအလှူပက်ကေ့ချ်ကို ဆက်လက်လှူဒါန်းရန် အိမ်ထောင်စုပေါင်း ၁၄၁ စုအတွက် နောင်တောင်းပရဟိတကျောင်း၊ ဟိုပုံးမြို့ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ဆက်သွယ်ပေးပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းက အသိပေးထုတ်ပြန်ထားသည်။

MT

# နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)က ကြိုဆိုထောက်ခံကြောင်း သဘောထားများထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန် အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအပေါ် ကြိုဆိုထောက်ခံပါကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို)က သဘောထားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်**

နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသော ဆုံးရှုံးနစ်နာမှုများသည် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့်ဖြစ်သည်ကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများအားလုံးသည် အကြမ်းဖက်လမ်းစဉ်ကိုစွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ (၂၆)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အား မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၇) သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၃၀**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၇)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဦးအောင်သော်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က အမှာစကားပြောကြားရာတွင် အခြေခံပညာ ဆရာ ဆရာမများ၏ ပညာရေးလုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက်၊ ရာထူးအဆင့်အလိုက် တည်တည်ငြိမ်ငြိမ် မှန်မှန်ကန်ကန်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်စေရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်ပါကြောင်း။

သင်ကြားသင်ယူရေးလုပ်ငန်းများကို စေတနာ၊ ဝါသနာ၊ အနစ်နာ ဆိုသည့် နာ(၃)နာ အရင်းခံပြီး အမျိုးသား ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ကြရန်၊ သင်တန်းမှရရှိမည့် အသိပညာ၊ အတတ်ပညာများကို လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချနိုင်အောင် လေ့လာသင်ယူပြီး စိတ်ဓာတ်၊ စည်းကမ်းခံယူချက်နှင့် ယုံကြည်ချက်များ ပိုမိုခိုင်မာလာသည့် နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ ဆရာမများဖြစ်အောင် ပြုမူနေထိုင်ကြရန် တိုက်တွန်းမှာကြားသည်။ (ဝဲပုံ)

အဆိုပါသင်တန်းသို့ သင်တန်းသား ၈၁ ဦး၊ သင်တန်းသူ ၃၀၂ ဦး၊ စုစုပေါင်း ၃၈၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် မြေပြင်တွင် လက်တွေ့ကွင်းဆင်းစာရင်းကောက်ယူကြမည့် စာရင်းစစ်၊ စာရင်းကောက်များနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် မြို့နယ်အလိုက် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ စာရင်းစစ်၊ စာရင်းကောက်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒချမှတ်ခြင်းများ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းများ စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအဖြစ် အသုံးပြုရသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်တွင် သန်းခေါင်စာရင်းကောက်ယူရန်အတွက် တိုင်းအဆင့်သင်တန်း၊ ခရိုင်အဆင့်သင်တန်းများ၊ မြို့နယ်အဆင့်သင်တန်းများဖြင့် စာရင်းစစ်၊ စာရင်းကောက် ၁၃၃၆ ဦးကို ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကြောင်း၊ စာရင်းစစ်၊ စာရင်းကောက်များ အနေဖြင့် သင်တန်းကာလ ပြီးမြောက်ခဲ့ပြီဖြစ်သည့်အတွက် သန်းခေါင်စာရင်းမေးခွန်းတွင် ပါဝင်သည့် အကြောင်းအရာများ၊ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာဗဟုသုတများကို မိမိတို့၏လုပ်ငန်းအတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး စာရင်းကောက်ယူရာတွင် အချက်အလက်များ မှန်မှန်ကန်ကန် ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး (ယာပုံ) စာရင်းစစ်၊ စာရင်းကောက်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာအုပ်စု ဆင်တဲကြီးကျေးရွာ၌ ရေကြီးရေလျှံမှုကြောင့် နေအိမ်များ မျောပါပျက်စီးထိခိုက်မှု အခြေအနေများနှင့် ကျေးရွာအတွင်း နုန်းများ၊ အမှိုက်များ၊ သစ်တုံး သစ်ကိုင်းများ တင်ကျန်နေမှု အခြေအနေများကို လည်းကောင်း၊ အေးမြင့်သာယာ ကျေးရွာအုပ်စု ဝက်ကုန်းကျေးရွာ၌ ရေကြီးရေလျှံမှုကြောင့် နေအိမ်များ မျောပါပျက်စီး ထိခိုက်မှုအခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုဆောင်းပါး

# စိတ်ပျိုကိုယ်နု ဇရာကို အန်တုနိုင်သူများဖြစ်စေဖို့ အားပေးမြှင့်တင်ဖြည့်ဆည်းစို့

**“အသက်အရွယ် အိုမင်းခြင်း သို့မဟုတ် မိမိမတတ်စွမ်းနိုင်သော အခြေအနေများကြောင့် အသက်မွေးဝမ်းကျောင်းမပြုနိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှုရပိုင်ခွင့်ရှိသည်” ဟု ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၅ (၁) တွင် ဖော်ပြထားပါသည်။ အသက် ၆၀ အထက်ကို သက်ကြီးပုဂ္ဂိုလ်ဟု ကုလသမဂ္ဂနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည်။ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့က ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်အမှတ် (၄၅/၁၀၆)ဖြင့် နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons) ဟု ဂုဏ်ပြုသတ်မှတ်ခဲ့သည်မှာ ယခု ၂၀၂၄ ခုနှစ်တွင် ဆယ်စုနှစ်သုံးခုကျော်၍ လေးနှစ်စွန်းလာပြီ။**

ကြည်ထွန်း (လူမှု)

### သက်ကြီးသူတို့ကမ္ဘာ

၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေမျှော်မှန်းချက် (World Population Project 2024) အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်း၌ လူဦးရေ ၈ ဒသမ ၂ ဘီလီယံရှိပြီး လာမည့်နှစ် ၆၀ အထိ ဆက်လက်တိုးလာဖွယ်ရှိရာ ၂၀၈၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၃ ဘီလီယံသို့ ရောက်ရှိနိုင်သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ကမ္ဘာ့နိုင်ငံထက်ဝက်ကျော်ခန့်၌ ပျမ်းမျှလူ့သက်တမ်း ၇၅ နှစ်အထက် ကျော်လွန်လာပြီဖြစ်ရာ ၁၉၅၀ ပြည့်နှစ်ကာလနှင့်နှိုင်းယှဉ်ပါက ၂၅ နှစ်ခန့် တိုးလာခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ၁၉၈၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို သန်း ၂၆၀ မှ ၇၆၁ သန်းအထိ တိုးပွားလာသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း ၁၀ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းအထိ ထပ်မံတိုးပွားလာနိုင်သည်ဟု ခန့်မှန်းထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် သက်ကြီးပုဂ္ဂိုလ်အရေအတွက်သည် လူငယ်ဦးရေထက် ပိုမိုများပြားလာမည်ဟု ခန့်မှန်းထားသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ကမ္ဘာကို သက်ကြီးသူတို့ကမ္ဘာဟု တင်စားခေါ်ဆိုနေကြပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း အသက် ၆၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်ပါဝင်မှု ရာခိုင်နှုန်းသည် ၁၉၇၃ ခုနှစ်က ခြောက်ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၉ ခုနှစ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးလာသည်။ ယခုအချိန်တွင် သက်ကြီးပုဂ္ဂိုလ် ခြောက်သန်းခွဲကျော်ရှိလာပြီဟု ခန့်မှန်းထားရာ မြန်မာ့လူဦးရေ ၅၆ သန်းကျော်နှင့်တွက်ချင့်လျှင် မြန်မာကိုးဦးခန့်တွင် တစ်ဦးသည် သက်ကြီးပုဂ္ဂိုလ်စာရင်းဝင်ဖြစ်လာပြီဟု ဆိုရပါမည်။

### ဦးတည်ချက်ဆောင်ပုဒ်

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သက်ကြီးပုဂ္ဂိုလ်တိုးပွားနှုန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများထက် ပိုမိုမြန်ဆန်သည်။ ထိုသို့ လူဦးရေအချိုးအစား ပြောင်းလဲလာမှုသည် သမားရိုးကျအခြေအနေနှင့် သမားရိုးကျမဟုတ်သည့် အခြေအနေတို့တွင် ငွေကြေးကုန်ကျသည့် ပံ့ပိုးမှုနှင့် ငွေကြေးပံ့ပိုးမှုမကုန်ကျသည့် ပံ့ပိုးမှုနှစ်ရပ်စလုံးတွင် လိုအပ်သည့် ပြုစုစောင့်ရှောက်ရေး




လုပ်ငန်းများကို သိသိသာသာ ပြောင်းလဲစေသည်။ သက်ကြီးပုဂ္ဂိုလ်များပြားလာခြင်းကြောင့် ပိုမိုကျယ်ပြန့်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်လူမှုစောင့်ရှောက်ရေးဝန်ဆောင်မှု လိုအပ်ချက်များ သိသာစွာ မြင့်တက်လာသည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသည့် သက်ကြီးပုဂ္ဂိုလ်များအတွက် လိုအပ်ချက်များပြားလာသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ သက်ကြီးများ၏ အခွင့်အရေးအတွက် ပိုမိုခိုင်မာသော ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ် အလုံးစုံပြည့်စုံသော သဘောတူစာချုပ် ထွက်ပေါ်လာဖို့လိုသည်။ ကမ္ဘာနှင့်အဝန်း သက်ကြီးဆူနာမီလှိုင်းရိုက်ခတ်လာမည့်အခြေအနေမှာ ချင့်မြော်တွေးဆ၍ စီမံဆောင်ရွက်ရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပြီ။

ထို့ကြောင့် သက်ကြီးပုဂ္ဂိုလ်ကုသစောင့်ရှောက်မှု ဆေးပညာ (geriatrics)၊ အိုခြင်းနှင့် အိုမှုဖြစ်စဉ်လေ့လာမှုဆိုင်ရာ အတတ်ပညာ (gerontology) များ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားရေး၊ သက်ကြီးပုဂ္ဂိုလ်များကို စနစ်တကျ ရေရှည်ပြုစုစောင့်ရှောက်နိုင်မည့်သူ (caregivers) များ လေ့ကျင့်မွေးထုတ်ရေး၊ သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး ဆရာဝန်များ၊ သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး ပညာရပ်များအတွက် ပညာရေးအခွင့်အလမ်းများနှင့် သင်တန်းများဖွင့်လှစ်ရေး စသည့်အစီအမံများကို ဆွေးနွေးညှိနှိုင်းချမှတ်မှ ဖြစ်တော့မည်။ သက်ကြီးပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာ၊ ယုံကြည်မှု၊ လိုအပ်ချက်နှင့် လုံခြုံမှုကို လေးစားတန်ဖိုးထားသည့် သက်ကြီးပုဂ္ဂိုလ်အာရုံစိုက်ချဉ်းကပ်နည်းကို မြှင့်တင်ပြီး ၎င်းတို့၏ လူနေမှုဘဝအဆင့်အတန်းအတွက် ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်နိုင်ခွင့်ကိုလည်း အလေးထားရပေမည်။ သို့ဖြစ်၍ ကုလသမဂ္ဂက ယခု ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ဦးတည်ချက်ဆောင်ပုဒ်ကို "Ageing with Dignity: The Importance of Strengthening Care and Support Systems for Older Persons Worldwide." ဟု ချမှတ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

### သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာအခြေခံမူငါးရပ်

၁၉၉၁ ခုနှစ်က ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက် ၄၆/၉၁ ဖြင့် ချမှတ်ပေးခဲ့သော အောက်ဖော်ပြပါ သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာအခြေခံမူ (United Nations Principles for Older Persons) ငါးရပ်သည် မည်သို့ပင် ခေတ်စနစ်အခြေအနေများ ပြောင်းလဲစေကာမူ ယနေ့တိုင် ခေတ်မီနေဆဲ၊ ဆန်းသစ်နေဆဲဖြစ်သည်။

### အခြေခံလိုအပ်ချက်များပြည့်စုံစေ၍ အမှီအခိုကင်းစွာ မိမိကိုယ်တိုင်ရပ်တည်နိုင်ရေး (Independence)

ကိစ္စမြားမြောင်လှတို့ဘောင်၌ ဆယ်စုနှစ်ခြောက်ခုကျော်ကာလ ကျင်လည်ခဲ့ပြီးသူတစ်ဦးအဖို့ သက်ကြီးပုဂ္ဂိုလ်ဘဝသည် အရေးကြီးဆုံးအချိန်ဖြစ်သည်။ ထိုကာလတွင် စားရေး၊ ဝတ်ရေး၊ နေရေးနှင့် ကျန်းမာရေး စသည့်အခြေခံလိုအပ်ချက်တို့အပြင် ထိုက်သင့်သောအလုပ်အကိုင်နှင့် ဝင်ငွေရရှိရေး၊ သိလိုတတ်လိုသော ပညာရပ်ဆိုင်ရာများကို လေ့လာဆည်းပူးခွင့်ရရှိရေး၊ ကိုယ်ပိုင်လွတ်လပ်ခွင့်များနှင့် အမှီအခိုကင်းရေးသည် သက်ကြီးပုဂ္ဂိုလ်များအဖို့ ရရှိခံစားအပ်သော အခြေခံအခွင့်အရေးများဖြစ်သည်။ အဆိုပါအခွင့်အရေးများ အပြည့်အဝရရှိအောင် ဖော်ဆောင်ပေးရန် မျိုးဆက်သစ်တိုင်းတွင် ကိုယ်စီတာဝန်ရှိပါသည်။

### လူမှုရေးနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး (Participation)

“အိုသည့်တိုင်အောင် ဖွဲကိုဆောင်၍ လူ့ဘောင်ကောင်းကျိုးစဉ်သယ်ပိုး” ဆိုသည်မှာ သက်ကြီးပုဂ္ဂိုလ်များ၏ ဆန္ဒစေတနာပင်ဖြစ်သည်။ လူ့အသိုင်းအဝိုင်းအတွင်း နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သူများဖြစ်သည့်အားလျော်စွာ အထီးတည်းမနေလိုကြသူများလည်းဖြစ်သည်။ လှူဒါန်းပေးကမ်းလိုကြ၍ ပရဟိတသင်္ဂဟလုပ်ငန်းများတွင် ပါဝင်ပျော်မွေ့လိုသူများလည်းဖြစ်ကြသည်။ သို့ဖြစ်၍ လူမှုရေးနှင့် သာရေးနာမှုအဖွဲ့အစည်းများတွင် ပါဝင်ထမ်းရွက်နိုင်ရန် နေရာပေးကြရမည်။ “သက်ကြီးစကား သက်ငယ်ကြား”ဟူသည့် ဆိုရိုးစကားနှင့်အညီ ၎င်းတို့ထံမှ အတွေ့အကြုံနှင့် ဗဟုသုတများကို တလေးတစားမှတ်သားနာယူကြရမည်။ လူ့အသိုင်းအဝိုင်းအတွင်း စိတ်အားလူအားရှိသမျှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် စီမံဖန်တီးပေးကြရမည်ဖြစ်သည်။

### ကြီးသူငယ်သူအပြန်အလှန် စောင့်ရှောက်မှုပြုကြရေး (Care)

“ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား” ဟူ၍ မြန်မာဆိုရိုးစကားရှိပေသည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ သက်ကြီးပုဂ္ဂိုလ်များသည် ၎င်းတို့၏ မိသားစုနှင့် ရပ်ဆွေရပ်မျိုးတို့၏ ပြုစုစောင့်ရှောက်မှု၊ ရိုသေလေးစားမှုကို ခံယူခွင့်ရှိသူများဖြစ်သည်။ အသက်အရွယ် မတူညီသောမျိုးဆက်များကြား အခါအားလျော်စွာ ဗဟုသုတနှင့် အတွေ့အကြုံများကို နှီးနှောဖလှယ်ကြရမည်။ သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့ လှမ်းချီရာတွင် ကြီးသူ၊ ရွယ်တူ၊ ငယ်သူအားလုံး ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကျိုးပြုကြလျက် အချင်းချင်းရိုင်းပင်း စောင့်ရှောက်ကြရမည်ဖြစ်သည်။

### ၎င်းတို့၏ စွမ်းရည်နှင့် အခွင့်အလမ်းများကို ၎င်းတို့ ကိုယ်တိုင်ဖြည့်တင်းနိုင်ရေး (Self-Fulfillment)

“အသက်ကြီး” သူတိုင်းသည် “အရွယ်အို” နေသူများမဟုတ်ကြပေ။ သက်ကြီးပုဂ္ဂိုလ်များဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့ကိုယ်တိုင်၏ အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများတွင် အခွင့်အလမ်း များလက်လှမ်းမီဖြစ်စေရန် အားပေးမြှင့်တင်ပေးရမည်။ ၎င်းတို့တွင် ငုပ်လျှိုးကျန်ရှိသေးသော စွမ်းရည်များကို ဖော်ထုတ်ပြသခွင့်ရရှိရန် လမ်းဖွင့်ပေးကြရမည်။ လူ့အသိုင်းအဝိုင်း၏ ပညာရေး၊ ယဉ်ကျေးမှု၊ အပန်းဖြေရေးနှင့် လောကုတ္တရာပိုင်းဆိုင်ရာ ကဏ္ဍများတွင် ကိုယ်တိုင်ကိုယ်ကျ ကိုယ့်အားကိုယ်ကိုး ပါဝင်ဆောင်ရွက်မှုအဝဝကို အသိအမှတ်ပြု အားပေးကြရမည်ဖြစ်သည်။

### ဂုဏ်သိက္ခာရှိရှိဖြင့် လုံခြုံမှုရှိစွာ ရပ်တည်ခွင့်ရရှိရေး (Dignity)

သက်ကြီးပုဂ္ဂိုလ်များသည် လူသားတိုင်း မရရှိနိုင်သော အသက်အရွယ်အားဖြင့် ကြီးခြင်းဟူသည့် “ဝယဝုဒ္ဓိဂုဏ်ရည်” ကို ပိုင်ဆိုင်သူများဖြစ်သည်။ မိမိနေအိမ်နှင့်ဝန်းကျင်တွင် သက်ကြီးပုဂ္ဂိုလ်တစ်ဦးရှိနေခြင်းသည် ကောင်းမြတ်သော မင်္ဂလာတစ်ပါးဖြစ်သည်။ မိသားစုအကျိုးကို များစွာမသယ်ပိုးနိုင်တော့ဘဲ ကျီးစောင့်ကြက်နှင့် မြေးထိန်းရသည့်အမှုကို ပြုနေကြရသည့်တိုင် ၎င်းတို့ဂုဏ်အင်သည် တလွင့်လွင့်မြင့်မားနေဆဲဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

❖ **သက်ကြီးပုဂ္ဂိုလ်များပြားလာခြင်းကြောင့် ပိုမိုကျယ်ပြန့်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်လူမှုစောင့်ရှောက်ရေး ဝန်ဆောင်မှု လိုအပ်ချက်များ သိသာစွာ မြင့်တက်လာသည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသည့် သက်ကြီးပုဂ္ဂိုလ်များအတွက် လိုအပ်ချက်များပြားလာသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ သက်ကြီးများ၏ အခွင့်အရေးအတွက် ပိုမိုခိုင်မာသော ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ် အလုံးစုံပြည့်စုံသော သဘောတူစာချုပ် ထွက်ပေါ်လာဖို့လိုသည်။ ကမ္ဘာနှင့်အဝန်း သက်ကြီးဆူနာမီလှိုင်းရိုက်ခတ်လာမည့် အခြေအနေမှာ ချင့်မြော်တွေးဆ၍ စီမံဆောင်ရွက်ရမည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပြီ**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကန်သုံးဆင့်ကန်ပတ်လမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**ပုသိမ် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် စက်တင်ဘာ ၂၉ ရက်က တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ ကန်သုံးဆင့်ကန်ပတ်လမ်း တိုးချဲ့ဆောင်ရွက်နေမှုနှင့် ပုသိမ်-ရှောပြာ-ချောင်းသာကားလမ်း(မိုင်၀/၀မှ ၀/၇.၂၅)အတွင်း ယာဉ်သွားလမ်းချဲ့ခြင်းနှင့် လူသွားလမ်းပလက်ဖောင်းတည်ဆောက်ခြင်းလုပ်ငန်း၊ ဆိုင်ကယ်သွားလမ်းအတွက် ငါးပေအကျယ်ကွန်ကရစ်လမ်းနှစ်ဖက် တည်ဆောက်ခြင်း၊ ငါးပေအကျယ် လူသွားလမ်းနှစ်ဖက်တည်ဆောက်ခြင်းအတွက် မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးမှာကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ ကန်သုံးဆင့်ပန်းခြံသို့ သွားရောက်၍ ကန်ပတ်လမ်း တိုးချဲ့တည်ဆောက်နေမှုများနှင့် ကန်သုံးဆင့်ပန်းခြံ စိမ်းလန်းစိုပြည်စေရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ကန်ပတ်လမ်းအား လမ်းပခုံးများ စနစ်တကျဆောင်ရွက်စေရေး၊ အများပြည်သူများ စိတ်အေးချမ်းစွာ အနားယူနိုင်စေရေး၊ မြက်ခင်းများ စနစ်တကျ စိုက်ပျိုးစေရေး၊ ပျိုးဥယျာဉ်များ စနစ်တကျစိုက်ပျိုးစေရေးနှင့် အမှိုက်ပုံးများထားရှိ၍ အမှိုက်များစနစ်တကျ စွန့်ပစ်စေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး green area ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းအရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးမှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပုသိမ်မြို့ ကန်သုံးဆင့်ကန်ပတ်လမ်း တိုးချဲ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ဟိုပုံးမြို့နယ်၌ ရာဂီမုန်တိုင်းကြောင့် သေဆုံးသူများအတွက် ထောက်ပံ့ငွေပေးအပ်

**ဟိုပုံး စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ရာဂီမုန်တိုင်းကြောင့် သေဆုံးသူများအတွက် ထောက်ပံ့ပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြီးရေလျှံခြင်းဖြစ်စဉ်သည် ပအိုဝ်းဒေသတစ်ခုလုံးနှင့် ဟိုပုံးမြို့နယ်အတွက် ဆုံးရှုံးမှုကြီးမားသည့် မမေ့နိုင်သော နေ့တစ်နေ့ဖြစ်ကြောင်း၊ ဟိုပုံးမြို့နယ်အတွင်း မိုးကြီးရေလျှံမှုကြောင့် အိမ်ခြေများစွာအတွင်း ရေများဝင်ရောက်၍ အိုးအိမ်၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ရေကြီးမြေပြိုမှုကြောင့် နေအိမ် ၂၆၄ လုံး ပျက်စီးခဲ့ပြီး နေအိမ် ၃၃၇ လုံး တစ်စိတ်တစ်ပိုင်း ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ပြည်သူ ၂၆ ဦး ရေဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသည်ကိုလည်း မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းရကြောင်း၊ မိဘပြည်သူများ၏ ကျေးရွာ၊ အိုးအိမ်၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် အဘက်ဘက်မှ ပြန်လည်တိုးတက်ကောင်းမွန်သည့် အနာဂတ်များထူထောင်ရန်အတွက် ဌာနဆိုင်ရာများကလည်း ကျေးရွာနေမိဘပြည်သူများနှင့် ရပ်တည်ပြီး ပြန်လည်ကောင်းမွန်ရန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များက နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ရာဂီမုန်တိုင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် သေဆုံးသူ ၂၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီဖြင့် နိုင်ငံတော် အစိုးရကပေးအပ်သည့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ စက်တင်ဘာ ၁၀ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ်နှင့် စာသင်ကျောင်းများ၊ လမ်းတံတားနှင့် စိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒေသခံပြည်သူများ၏ လူနေမှုဘဝများအဆင်ပြေစေရန် မြို့နယ်တွင်းရှိ ဆရာတော်၊ သံဃာတော်များ၊ သက်ဆိုင်ရာဌာနများနှင့် အလှူရှင်များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

# မြဝတီခရိုင်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ အသိပညာပေး

**မြဝတီ စက်တင်ဘာ ၃၀**

ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ အသိပညာပေး (Talk Show)ကို စက်တင်ဘာ ၂၉ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

မြဝတီမြို့နယ်အနေဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှစတင်ကာ ရပ်ကွက် ကိုးခုနှင့် ကျေးရွာအုပ်စု ငါးအုပ်စု၊ ကောက်ကွက်ပေါင်း ၁၅၈ ကွက်တို့၌ စာရင်းစစ် ၂၄ ဦး၊ စာရင်းကောက် ၆၁ ဦးတို့က Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။ **ဇာဖြူဝင်း(မြဝတီ)**



*စာမျက်နှာ ၁၀ မှ*

ခေါင်းဖြူစွယ်ကျိုး၊ အိုနာကျိုးကန်း စသော အသုံးအနှုန်းများကို ရှောင်ကြဉ်ကြရမည်။ ၎င်းတို့၏ ပြုမူပြောဆို ဆက်ဆံမှုအပေါ် ခေတ်မမီသူများ၊ စပ်စုတတ်သူများ၊ ဝင်ရောက်စွက်ဖက်တတ်သူများဟူ၍ သဘောမထားဘဲ လိုက်လျောညီထွေ နေရာပေး ဆက်ဆံမှုပြုကြရပါမည်။ ကျန်ရှိနေသေးသော လူ့ဘဝသက်တမ်းကာလတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညှိုးနွမ်းမှုမရှိဘဲ လုံခြုံနွေးထွေးစွာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်နိုင်သူများဖြစ်အောင်၊ ကျန်းမာတက်ကြွသက်ကြီးဘဝ (Active and healthy aging) ကို ရရှိအောင် အားပေးမြှင့်တင်ကြရမည်ဖြစ်သည်။

**မြန်မာ့သက်ကြီးပုဂ္ဂိုလ်များဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေး**

"သက်ကြီးသူများ စောင့်ရှောက်ရေးအစ မြန်မာက" ဟု ဆိုရလောက်အောင် ကျေးဇူးတရားသိတတ်မှုနှင့် တာဝန်ဝတ္တရားကျေပွန်မှုကို အလေးထားတတ်သော မြန်မာတို့အဖို့ ရှေးမြန်မာမင်းများလက်ထက်ကတည်းကစ၍ သားစဉ်မြေးဆက် ထမ်းရွက်ခဲ့သော သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှုသည် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတစ်ရပ်ဖြစ်သည်။ မျက်မှောက်ခေတ်တွင်လည်း "သက်ကြီးပုဂ္ဂိုလ်များဘဝ မြှင့်တင်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်း" သည် နိုင်ငံတော်အစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်နေသော ပင်မလုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်။

တစ်နိုင်ငံလုံးရှိ အသက် ၈၅ နှစ်အထက် ဘိုးဘွားများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ လူမှုရေးပင်စင်ခံစားခွင့်ပြုခဲ့သည်။ နိုင်ငံတော်အစိုးရ အသိအမှတ်ပြု ဘိုးဘွားရိပ်သာ ၇၉ ခုကို နည်းပညာနှင့် နှစ်စဉ်ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးသည်။ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော သက်ကြီးသူများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်းကို ၂၀၁၅ ခုနှစ်မှ ယခုအချိန်အထိ သင်တန်းအမှတ်စဉ် (၁၅) ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ သင်တန်းသား သင်တန်းသူ ၃၈၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဟု သိရသည်။

**သန်းခေါင်စာရင်းကောက်ရာတွင် သက်ကြီးပုဂ္ဂိုလ်စာရင်း မကြွင်းကျန်စေဖို့**

ကုလသမဂ္ဂက ဦးဆောင်ရေးဆွဲနေသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုအခွင့်အရေး စာချုပ်ထွက်ပေါ် မလာသေးသော်လည်း မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၂၀၁၆) နှင့် နည်းဥပဒေများ (၂၀၂၂) တို့ကို ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ ကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နေသည်။ အဆိုပါဥပဒေကို စေ့ငုကြည့်ရာတွင် သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို ဖော်ဆောင်ရာ၌ "သက်ကြီးရွယ်အိုသက်သေခံ ကတ်ပြားထုတ်ပေးခြင်းနှင့် ကိုင်ဆောင်အသုံးပြုခြင်း" ဟူသောအခန်းကဏ္ဍမှာ အခရာဖြစ်နေသည်ကို တွေ့ရမည်။ အဆိုပါလုပ်ငန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ ဆောင်ရွက်ရမည့်လုပ်ငန်းကြီးဖြစ်၍ ကြီးမားကျယ်ပြန့်လှသည်။ သို့ရာတွင် တိုက်တိုက်ဆိုင်ဆိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ (အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့) တွင် စတင်ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရလဒ်များ ထွက်ပေါ်လာသည့်အခါ ရရှိလာမည့် သက်ကြီးပုဂ္ဂိုလ်စာရင်းကို အခြေခံ၍ ဆောင်ရွက်နိုင်မည်မှာမလွဲပေ။ သို့ဖြစ်၍ စာရင်းကောက်အဖွဲ့များ ရောက်ရှိလာသည့်အခါ မိမိ မိသားစုဝင် သက်ကြီးပုဂ္ဂိုလ်စာရင်းကို ကြွင်းကျန်မှု မရှိအောင် ဖြေကြားပေးရန် အားလုံးတွင် တာဝန်ရှိပါသည်။

**စိတ်ပျိုကိုယ်နု ဇရာကို အန်တုနိုင်စေဖို့**

မိသားစုအတွင်း၌ ကျွန်ုပ်တို့သည် သားသမီးနေရာတွင်ဖြစ်စေ၊ မိဘနေရာတွင်ဖြစ်စေ၊ ဘိုးဘွားနေရာတွင်ဖြစ်စေ ရောက်ရှိနေကြမည်သာဖြစ်သည်။ သားသမီးအရွယ်ဖြစ်ပါက မကြာမီ မိဘအရာသို့ ရောက်ရှိပါတော့မည်။ မိဘနေရာတွင် ရောက်ရှိနေသူဖြစ်ပါက မဝေးသောကာလတွင် ဘိုးအေဘွားအေဘဝကို မလွဲမသွေ ခံယူကြရမည်ဖြစ်ပါသည်။ အသက်အရွယ် မတူညီသော မိသားစုဝင်များကြား ညီညွတ်မျှတစွာ နေထိုင်ပြောဆိုဆွေးနွေးမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ရိုင်းပင်းကူညီမှု၊ အပြန်အလှန် မေတ္တာထားမှု၊ ခွင့်လွှတ်စာနာထောက်ထားမှုများဖြင့် ခိုင်မြဲသောမိသားစုဘဝကို တည်ဆောက်ကြရပါမည်။ အသက် ၁၈ နှစ်မပြည့်သေးသူတို့အတွက် ကလေးသူငယ်အခွင့်အရေးများ ရှိသကဲ့သို့ အသက် ၆၀ နှင့် အထက်ရှိသူတိုင်းတွင်လည်း သက်ကြီးပုဂ္ဂိုလ်အခွင့်အရေးများရှိကြပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ ဘိုးဘွားမိဘများကို စိတ်ထောင်းကိုယ်ကြေ အိုဇာတာကံခေသူများ မဖြစ်စေဘဲ စိတ်ပျိုကိုယ်နု ဇရာကို အန်တုနိုင်သူများ ဖြစ်စေရန် အတတ်နိုင်ဆုံး အားပေးမြှင့်တင် ဖြည့်ဆည်းရေးမှာ မျိုးဆက်သစ်တိုင်း၏ တာဝန်ပင်ဖြစ်ပါသည်။ ။

## ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရှေ့ပိုင်းခရိုင်ရုံးနှင့် မြောက်ပိုင်းခရိုင်ရုံးတို့ရှိ ဝန်ထမ်းများအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၌ စာဆိုဗိမာန်တည်ဆောက်မည့် မြေနေရာသို့ရောက်ရှိပြီး စတင်ဆောက်လုပ်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော် သံဃာတော်များဖြင့် မြေသန့်မင်္ဂလာပြုလုပ်ပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ယနေ့နံနက်ပိုင်းက သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရုံးချုပ်တွင် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု စိစစ်ရွေးချယ်ရေးကော်မတီအစည်းအဝေးတက်ရောက်ပြီး ကော်မတီဝင် စာပေပညာရှင်ကြီးများနှင့် တွေ့ဆုံ၍ ဆုရွေးချယ်ရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်သည်။ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရှေ့ပိုင်းခရိုင်ရုံးနှင့် မြောက်ပိုင်းခရိုင်ရုံးတို့သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား လိုအပ်သည်များ တွေ့ဆုံမှာကြားခဲ့သည်။ (ယာပုံ)

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ပြင်ဦးလွင်မြို့ရှိ မော်တော်ယာဉ်နည်းပညာသုတေသနဌာန၌ EV သုတေသနရလဒ်များကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၃၀**
လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌဖြစ်သူ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ရှိ နည်းပညာမြင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန မော်တော်ယာဉ်နည်းပညာ သုတေသနဌာန၌ ဌာနတာဝန်ခံ ဒေါက်တာဝင်းထိုက်အောင်နှင့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆားကစ်ဘုတ်ပုံစံငယ် နည်းပညာဌာနခွဲ၊ ထိန်းချုပ်မှုအင်ဂျင်နီယာ နည်းပညာဌာနခွဲ၊ ပုံစံငယ်ထုတ်လုပ်မှုအင်ဂျင်နီယာ နည်းပညာဌာနခွဲ၊ မော်တော်ယာဉ်စွမ်းအား နည်းပညာဌာနခွဲ၊ မော်တော်ယာဉ်ရွေ့လျားမှု နည်းပညာဌာနခွဲ၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှု နည်းပညာဌာနခွဲ၊ အဆင့်မြင့်ပုံစံပြုခြင်းဆိုင်ရာ အင်ဂျင်နီယာဌာနခွဲတို့တွင် ဆောင်ရွက်လျက်ရှိသော EV သုတေသနလုပ်ငန်းများမှ ရလဒ်အခြေအနေများ၊ EV လူ့စွမ်းအားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး EV ကဏ္ဍဖွံ့ဖြိုးရေး လက်တွေ့ကျကျ အကျိုးပြုနိုင်သော သုတေသနရလဒ်များ ရရှိအောင် အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းများ အမှန်တကယ် တိုးတက်မှုရှိစေရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်နှင့်စွမ်းရည်များ အစဉ်မြင့်မားစေရေး ပုံမှန်ဆန်းစစ်မွမ်းမံသွားရန်၊ EV သုံးစွဲသည့် ပြည်သူများ၏ လက်ဝယ်အရောက် ဘေးအန္တရာယ်ကင်းရှင်းရေး SOP များနှင့်အညီ အသုံးပြုနိုင်ရေး နည်းပညာ၊ အသိပညာဖြန့်ဝေရေးလုပ်ငန်းများကို ထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံသို့ ရောက်ရှိပြီး အင်ဂျင်နီယာဌာနများရှိ အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးကာ ပြင်ဦးလွင်ရှိ MSME များဖွံ့ဖြိုးရေး အထောက်အကူပြု သုတေသနများနှင့် လက်တွေ့လုပ်ငန်းများကို အဓိကမြှင့်တင်ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ရေးဖြေနှင့် ပုံဆွဲဖြေစာမေးပွဲခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ယဉ်ကျေးမှု ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ စာကြည့်တိုက်အတွက် ဘာသာရပ်ဆိုင်ရာများနှင့် သုတ၊ ရသ စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရော်ဘာရာသီဖွင့်ချိန်တွင် ရော်ဘာတစ်ပေါင် ကျပ် ၃၃၃၀ ဖြင့် စတင် ဈေးကောင်းပေး ဝယ်ယူလျက်ရှိ

**သုဝဏ္ဏဝတီ စက်တင်ဘာ ၃၀**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ရော်ဘာရာသီစတင်ချိန်တွင် ရော်ဘာအဝယ်ဒိုင်များက အချိန်စော၍ ရော်ဘာပြားများကို ဈေးကောင်းပေးဝယ်ယူနေကြောင်း သိရသည်။

"မိုးကမပြတ်သေးလည်း တော်သလင်းလပြည့်နေ့မတိုင်မီကတည်းက မိုးမရွာရင် ရော်ဘာစေးခြစ်ယူပြီး ရော်ဘာဒိုင်တွေဖွင့်မှ လာရောင်းတာပါ။ ဈေးကောင်းရပါတယ်။ မှိုင်းမတင်တော့ဘဲ နေလှန်းပြားပဲ လာရောင်းတာပါ။ နေလှန်းပြားတစ်ပေါင်ကို ငွေကျပ် ၃၁၀၀ ရပါတယ်။ ခြံအလုပ်သမားတွေက ရလာတဲ့ရော်ဘာပြားပေါင်အလိုက် ရော်ဘာပြားဖိုးတစ်ဝက်စီ ယူကြတာပါ" ဟု သထုံမြို့နယ် ဝီယော်ကျေးရွာမှ တစ်နိုင်တစ်ပိုင် ရော်ဘာခြံပိုင်ရှင် ဦးသာထိုက ပြောသည်။

"မိသားစုစားဝတ်နေရေးအရ ရော်ဘာပြားရသလောက်ကို လာရောင်းပါတယ်။ ခြံရှင်နဲ့ထက်ဝက်စားဆိုပေမယ့် ကျွန်တော်တို့က အဆုပ်တုံး၊ ခေးစာ(ဆွဲဖတ်)တွေပါ အပိုလုပ်အားခအနေနဲ့ရတော့ အဆင်ပြေပါတယ်" ဟု ရပ်ဝေးမှ မိသားစုနှင့်အတူလာရောက်၍ ရော်ဘာစေးခြစ်သူ ကိုသိန်းတန်က ပြောသည်။

"ဒီရာသီမှာ အစောဆုံး အဝယ်ဖွင့်တာပါ၊ ရာသီဥတုအခြေအနေအရ ဝယ်ယူရရှိမှုနည်းလည်း တစ်နေ့ကို ပေါင် ၂၅၀၀ ကျော် ဝယ်နေရပါတယ်။ နေလှန်းပြားပဲ အဝယ်များပြီး မှိုင်းတင်ပြန်ရောင်းပါတယ်" ဟု သုဝဏ္ဏဝတီမြို့ ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေးဆိုင်မှ ဦးဝေယံက ဆိုသည်။



ယခုနှစ် ရော်ဘာစတင် ဝယ်ယူချိန်စောပြီး တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်တောင်သူများသည် အလုပ်သမားရရှိမှု၊ လုပ်အားလစာအပေါ်မှာ မူတည်ပြီး ရော်ဘာစေး ခြစ်ယူရရှိနေကြသော်လည်း တချို့မှာ ရာသီဥတုအခြေအနေ၊ အလုပ်သမားငှားရမ်းမှု မရရှိကြသေးသောကြောင့် လုပ်ငန်းခွင်ကို မစတင်နိုင်သေးကြောင်းလည်း သိရသည်။ **ခွန်(ဝင်းပ)**

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ**

အယ်ဒီတာ့ထံပေးစာ

## ကျောင်းရှေ့ရှိ အနံ့ဆိုးအမှိုက်ပုံကြီး အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးစေလို

**အယ်ဒီတာခင်ဗျာ –**
ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၃)ရပ်ကွက် ခိုင်ရွှေဝါ(၂)လမ်းနှင့် (၃)လမ်းထိပ်ရှိ အမှတ်(၃၃) အခြေခံပညာမူလတန်းကျောင်းရှေ့တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများကြောင့် အမှိုက်ပုံကြီးဖြစ်ပေါ်နေပြီး ရပ်ကွက်နေပြည်သူများနှင့် ကျောင်းတက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများ နေ့စဉ် အနံ့ဆိုးများ ရှူရှိုက်နေရပါသည်။

ရပ်ကွက်များအတွင်း ပြည်သူများအမှိုက်စွန့်ပစ်ရန် သက်ဆိုင်ရာမှ အမှိုက်သိမ်းကားဖြင့် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် အမှိုက်များ လာရောက်သိမ်းဆည်းသော်လည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများကြောင့် ကျောင်းရှေ့တွင် အမှိုက်ပုံကြီးဖြစ်လာကာ လမ်းပိတ်ဆို့ခြင်းနှင့် အနံ့ဆိုးများထွက်နေခြင်းကြောင့် ကျောင်းသား ကျောင်းသူများ ကျန်းမာရေးထိခိုက်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ ကျောင်းရှေ့ရှိ အမှိုက်ပုံကြီးအား အမြန်ဆုံး အရေးတယူ ဖယ်ရှားရှင်းလင်းပေးနိုင်ပါရန် အယ်ဒီတာထံပေးစာကဏ္ဍမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**ရပ်ကွက်နေပြည်သူများ**



# အရှေ့အလယ်ပိုင်းတွင် စစ်ပွဲဖြစ်ပွားမှုကို ရှောင်ရှားရမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ပြော

**ဝါရှင်တန် စက်တင်ဘာ ၃၀**

အရှေ့အလယ်ပိုင်းတွင် စစ်ပွဲဖြစ်ပွားမှုကို ရှောင်ရှားရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အလေးအနက်ထားပြောလိုက်ကြောင်း၊ ထို့အပြင် ၎င်းက အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့်လည်း စကားပြောဆိုသွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

တနင်္ဂနွေနေ့က အရှေ့အလယ်ပိုင်းတွင် စစ်ပွဲဖြစ်ပွားမှုကို ရှောင်ရှားနိုင်မည်လားဆိုသည့် သတင်းထောက်များ၏ မေးမြန်းမှုကို သမ္မတ ဂျိုးဘိုင်ဒင်က အမှန်တကယ် ရှောင်ရှားရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ အစ္စရေးနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာတို့ကြား တင်းမာမှုမြင့်တက်လာချိန်တွင် သမ္မတဂျိုးဘိုင်ဒင်၏ အဆိုပါမှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ဘနွန်သို့ မြေပြင်မှဝင်ရောက်ကျူးကျော်နိုင်ခြေနှင့်ပတ်သက်ပြီး အစ္စရေးက အရိပ်အမြွက်ပြောကြားလိုက်ပြီးနောက် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။ အိမ်ဖြူတော်အမျိုးသားလုံခြုံရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီသည် တနင်္ဂနွေနေ့က ABC News အစီအစဉ်၌ ပြောကြားရာတွင် အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုများဆက်တိုက်ဖြစ်ပွားပြီးနောက် ဟစ်ဇ်ဘိုလာ၏ အခြေအနေကို ရည်ညွှန်းပြောကြားခဲ့သည်။

၎င်းက ဟစ်ဇ်ဘိုလာ၏ ကွပ်ကဲမှုဖွဲ့စည်းပုံသည် ပျက်စီးလုနီးပါးဖြစ်နေကြောင်း၊ လွန်ခဲ့သောရက်အနည်းငယ်အတွင်း အစ္စရေးတပ်မတော်က ဒုံးကျည်နှင့် ဒရုန်းထောင်ချီကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ပြောသည်။ ထို့ပြင် ယနေ့ ဟစ်ဇ်ဘိုလာသည် လွန်ခဲ့သောသီတင်းပတ်က ဟစ်ဇ်ဘိုလာ မဟုတ်ဘူးဆိုတာ မေးခွန်းထုတ်စရာမရှိကြောင်း ၎င်းက ဆက်ပြောသည်။



ဟစ်ဇ်ဘိုလာကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ခေါ်ဆိုကာ အစ္စရေးသည် ၎င်း၏ပြည်သူ၊ နယ်မြေနှင့် အချုပ်အခြာအာဏာခြိမ်းခြောက်မှုကို သုတ်သင်ဖယ်ရှားရှင်းလင်းရန် အခွင့်အရေးနှင့် တာဝန်ရှိကြောင်း ဂျွန်ကာဘီက ပြောသည်။

**အင်န်အိတ်ချ်ကေ**



# ဂျပန်နိုင်ငံ၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အမှုဆောင်အဖွဲ့ဝင်စာရင်းကို တရားဝင်ထုတ်ပြန်

**တိုကျို စက်တင်ဘာ ၃၀**

ဂျပန်နိုင်ငံ၏ အမိကအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်သစ်သည် ၎င်း၏ အမှုဆောင် အဖွဲ့ဝင်စာရင်းကို တရားဝင်ထုတ်ပြန်ကြေညာလိုက်၍ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ရှီဂဲရု အီရှီဘာသည် အောက်တိုဘာ ၁ ရက်တွင် ဝန်ကြီးချုပ်ဖြစ်လာမည်ဖြစ်သည်။

အီရှီဘာက ဝန်ကြီးချုပ်ဟောင်း ဆူဂါယိုရှီဟီဒဲကို ပါတီဒုဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်ပြီး ဒုဥက္ကဋ္ဌဟောင်း အာဆိုတာရိုက ပါတီ၏ ထိပ်တန်းအကြံပေးဖြစ်လာသည်။

ထို့အတူ ပါတီအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အထွေထွေကောင်စီ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ မိုရီယာမာဟီရိုရှိ၊ အထွေထွေကောင်စီ ဥက္ကဋ္ဌသစ်အဖြစ် ဘဏ္ဍာရေးဝန်ကြီး ဆူဇူကီးရှုနီချိ၊ မူဝါဒသုတေသန ကောင်စီ၏ ဥက္ကဋ္ဌအဖြစ် ကာကွယ်ရေးဝန်ကြီးဟောင်း အိုနိုဒဲရာ အိဆွတ်နိုရီ၊ ရွေးကောက်ပွဲ မဟာဗျူဟာကော်မတီ၏ဥက္ကဋ္ဌအဖြစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဟောင်း ကိုအိဇူမိ ရှင်ဂျီရို၊ လွှတ်တော်ရေးရာ ကော်မတီ ဥက္ကဋ္ဌသစ်အဖြစ် စိုက်ပျိုးရေးဝန်ကြီး ဆာကာမိုတို တဲဆွတ်ရို၊ ယာယီတွဲဖက်အထွေထွေ အတွင်းရေးမှူးအဖြစ် အထွေထွေကောင်စီဥက္ကဋ္ဌဟောင်း ဖူကူဒါ တဆွတ်အို၊ ပါတီအဖွဲ့အစည်းနှင့် စည်းရုံးရေးဌာနချုပ်၏ ဥက္ကဋ္ဌအဖြစ် ရွေးကောက်ပွဲ မဟာဗျူဟာကော်မတီဥက္ကဋ္ဌဟောင်း အိုဘူချီ ယူကိုပြည်သူ့ဆက်ဆံရေးဌာနချုပ်ဥက္ကဋ္ဌအဖြစ် ဒစ်ဂျစ်တယ်ရေးရာဝန်ကြီးဟောင်း ဟီယာအိတာကူယာတို့ကို တာဝန်ပေးအပ်သည်။

အီရှီဘာသည် လွှတ်တော်နှစ်ရပ်လုံး၏ ဂျပန်နိုင်ငံ၏ ၁၀၂ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ရွေးကောက် တင်မြှောက်ခံရပြီးချိန်တွင် ၎င်း၏အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းမည်ဖြစ်သည်။ အောက်တိုဘာ ၂၇ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။ တရားဝင် မဲဆွယ်စည်းရုံးမှုများကို အောက်တိုဘာ ၁၅ ရက်တွင် စတင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# လက်ဘနွန်၌ အစ္စရေးတို့၏စီးနင်းတိုက်ခိုက်မှုအတွင်း ဟားမားစ်ခေါင်းဆောင် သေဆုံး

**ဘေရွတ် စက်တင်ဘာ ၃၀**

လက်ဘနွန်တောင်ပိုင်း ရာရှီဒီယာ၌ ဒုက္ခသည်စခန်းအလယ်ရှိ ဟားမားစ်ခေါင်းဆောင်၏ နေအိမ်ကို စက်တင်ဘာ ၃၀ ရက်နံနက် အစောပိုင်းက အစ္စရေးတို့ ဝင်ရောက်စီးနင်းမှုအတွင်း ဟားမားစ်အဖွဲ့ ခေါင်းဆောင် ဖာတာ ရှာရစ်ဖ်၊ ၎င်း၏ဇနီးနှင့် သားနှစ်ဦးတို့ သေဆုံးသွားကြောင်း လက်ဘနွန်သတင်းရင်းမြစ်များက ပြောကြားသည်။

တုရမြို့အနီးရှိ အဆိုပါ ပါလက်စတိုင်းဒုက္ခသည်စခန်းကို အစ္စရေးက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း၊ ယင်းသည် လက်ဘနွန်နိုင်ငံအား တိုက်ခိုက်မှုစတင်ချိန်မှစ၍ ဒုက္ခသည်စခန်းကို ပထမဆုံးအကြိမ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း လက်ဘနွန်အမျိုးသား သတင်းအေဂျင်စီ၏ ကနဦးသတင်းတွင် ဖော်ပြသည်။

ဖာတာရှာရစ်ဖ်သည် ပါလက်စတိုင်း ပြည်သူများအတွက် တစ်သက်တာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ကျဆုံးလေပြီးသော ခေါင်းဆောင်များ၊ အာဇာနည်များနှင့်အတူ ပူးပေါင်းသွားပြီဖြစ်ကြောင်း ဟားမားစ်အဖွဲ့က အတည်ပြုထုတ်ပြန်သည်။

စက်တင်ဘာ ၂၈ ရက်က လက်ဘနွန်မြို့တော် ဘေရွတ်၏ ဆင်ခြေဖုံးရပ်ကွက်နှင့် လက်ဘနွန်တောင်ပိုင်းတို့ရှိ ဟစ်ဇ်ဘိုလာပစ်မှတ် ၄၅ ခုနှင့် လက်နက်သိုလှောင်ရုံများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

ဂါဇာကမ်းမြောင်မှ မြောက်ဘက်သို့ စစ်ဘက်မျက်နှာစာ ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာလိုက်ပြီးနောက် ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတို့ကြား ထိပ်တိုက်ရင်ဆိုင်မှုများ သိသိသာသာ တိုးလာခဲ့သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**



# အာကာသစခန်းတွင် ကျန်ရှိနေသည့် အာကာသယာဉ်မှူးများကို ပြန်လည်ခေါ်ဆောင်ရန် အာကာသယာဉ်တစ်စင်းလွှတ်တင်



**ဝါရှင်တန် စက်တင်ဘာ ၃၀**

ဘိုးအင်းစတားလိုင်နာ အာကာသယာဉ်သည် ဘေးကင်းလုံခြုံမှု သံသယအခြေအနေတွင် ရှိသည့်အတွက် အာကာသယာဉ်မှူးများမပါဘဲ ယခုလအစောပိုင်းတွင် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာပြီးနောက် ယခုအခါ နိုင်ငံတကာ အာကာသစခန်းတွင် ကျန်ရှိနေသည့် အဆိုပါအာကာသယာဉ်မှူးများကို ပြန်လည်ခေါ်ဆောင်ရန် အာကာသယာဉ်တစ်စင်းကို လွှတ်တင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်ပုဂ္ဂလိကကုမ္ပဏီ SpaceX ၏ Crew Dragon အာကာသယာဉ်ကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှ စနေနေ့တွင် လွှတ်တင်လိုက်ခြင်းဖြစ်သည်။ အဆိုပါအာကာသယာဉ်သည် မူလစီစဉ်ထားသည့် အမှုထမ်းလေးဦးအစား နှစ်ဦးကို နိုင်ငံတကာ အာကာသစခန်းသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။ ယင်းမှာ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်ရန် စတားလိုင်နာ အာကာသယာဉ်မှူးများအတွက် နေရာလွတ်ချန်ထားခြင်းဖြစ်သည်။

စတားလိုင်နာ အာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်းသို့ အာကာသယာဉ်မှူးနှစ်ဦးနှင့်အတူ ဇွန်လတွင် လွှတ်တင်ခဲ့သည်။ သို့သော်လည်း နည်းပညာချွတ်ယွင်းမှု ဖြစ်ပေါ်ခဲ့သည့်အတွက် အာကာသယာဉ်မှူးနှစ်ဦးကို နိုင်ငံတကာ အာကာသစခန်းတွင် ကျန်ရှိစေခဲ့သည်။ Crew Dragon အာကာသယာဉ်မှူးများသည် နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိပြီးနောက်တွင် စတားလိုင်နာ အာကာသယာဉ်မှူးများနှင့် ပူးပေါင်းကာ သိပ္ပံနည်းကျ သုတေသနနှင့် အခြားသော လုပ်ဆောင်မှုများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အာကာသယာဉ်မှူး လေးဦးစလုံးသည် လာမည့် ဖေဖော်ဝါရီလတွင် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်ရန် စီစဉ်ထားသည်။

စတားလိုင်နာ၏ နည်းပညာချွတ်ယွင်းမှုနှင့် ပတ်သက်ပြီး ဆန်းစစ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ သို့သော်လည်း နိုင်ငံတကာအာကာသစခန်းနှင့် ကမ္ဘာမြေသို့ သွားလာနေသည့် အာကာသယာဉ်မှူးများအတွက် လက်တွေ့အသုံးပြုရန် အလားအလာအနည်းငယ်သာရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ - တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦးအား လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တရားဥပဒေ စိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများ တိုက်ဖျက်ရေးအတွက် ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေး ဆိုင်ရာ ဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများ ဆောင်ရွက်၍ တရားခံများ ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနတို့ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မူဆယ်မြို့ပေါ်တွင် အွန်လိုင်းလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ဒုစရိုက်သမားများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံသား တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား စုစုပေါင်း ၃၁၃ ဦးနှင့် မြန်မာနိုင်ငံသား တရားခံ ၅၅၇ ဦး စုစုပေါင်း တရားခံ ၈၇၀ တို့နှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများဖြစ်သော ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများနှင့် Scam စက်များအား သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ဒုစရိုက်မှုများအခြေပြု ဆောင်ရွက်လျက်ရှိသည့် အဆောက်အဦများကိုလည်း ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချိပ်ပိတ်သိမ်းဆည်း တရားစွဲတင်ဆောင်ရွက်သွားမည်ဖြစ်သည်။





အဆိုပါ ဖမ်းဆီးရမိသော တရုတ်နိုင်ငံသား တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား စုစုပေါင်း ၃၁၃ ဦးတို့အား မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်အရေးယူထားပြီး ၎င်းတို့အား တရုတ်နိုင်ငံအနေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သောအစောင့်အရှောက်များဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ယူနန်ပြည်နယ် ရွှေလီမြို့ရှိ နယ်စပ်ဝင်/ထွက်ပေါက်မှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများ တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*※ ကျောဖုံးမှ*

အက်သလက်တီကိုအသင်းက ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို နှစ်ဦးအပြောင်းအလဲပြုလုပ်ကာ ရီးရဲအသင်းကို ရင်ဆိုင်လာခဲ့သည်။ နှစ်သင်းကြား ခြေစွမ်းကွာဟမှု မရှိသော်လည်း အက်သလက်တီကိုက ရီးရဲထက် ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးအချို့ ဖန်တီးနိုင်ခဲ့သည်။

ပွဲချိန် ၆၄ မိနစ်တွင် ရီးရဲအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ဗင်နီးစီးယပ်စ်၏ ဖန်တီးမှုကို မီလီတာအိုက သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါ သွင်းဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ကော်ရဲရား၏ ချေပသွင်းဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ထို့အပြင် နာကျင်အချိန်ပိုတွင် အက်သလက်တီကိုအသင်းမှ ကွင်းလယ်ကစားသမား လော်ရန်တေး အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် အက်သလက်တီကိုအသင်းက ပွဲစဉ် (၈) အပြီးတွင် ၁၆ မှတ် ရရှိထားပြီး ပြိုင်ဘက်ရီးရဲမက်ဒရစ်က ရမှတ် ၁၈ မှတ်ဖြင့် ဦးဆောင်သူ ဘာစီလိုနာအသင်းကို အနီးကပ်ဖိအားပေးလျက်ရှိသည်။ **အောင်ဇော်**

---

## ဒီပဲယင်းမြို့ပေါ်ရှိ နေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအတု၊ သတင်းအမှားများ မဟုတ်မမှန်ဖြန့်ဝေ

**ရန်ကုန် စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့ပေါ်ရှိနေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအတု၊ သတင်းအမှားများ မဟုတ်မမှန် သတင်းအမှားများ ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ စက်တင်ဘာ ၂၉ ရက်က ဒီပဲယင်းမြို့နယ်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများရောက်ရှိနေပြီး အင်အားစုဖွဲ့လျက်ရှိကြောင်း ဒေသခံများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ ဆုတ်ခွာစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့နောက်သို့ လိုက်လံချေမှုန်းခြင်း မပြုလုပ်နိုင်ရန်နှင့် ကျေးရွာများရှိ နေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချခြင်း စသည့် လှုံ့ဆော် ဝါဒဖြန့်ဝေနေသည့် သတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၃၀

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Soe Htut” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက်နေ စိုးထွဋ်နိုင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် အောင်မြေသာစံမြို့နယ် အမှတ်(၄)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား တက်ရောက်

**တောင်ကြီး စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး ညှိနှိုင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရေဘေးသင့်ပြည်သူများ အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ဦးစွာ ရေဘေးသင့်ပြည်သူများ အတွက် စေတနာရှင်၊ အလှူရှင်များ ဖြစ်ကြသည့် တောင်ကြီးမြို့ ဘုရားကြီး အနောက်ကျောင်း ဆရာတော်ဦးသဇ္ဇန က ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊




Red Mountain production Co.ltd. က ငွေကျပ် သိန်း ၅၀၀ ကိုလည်းကောင်း၊ သုခမ္မမဏိဇောတရေ ဦးအောင်သန်း၊ အောင်ရတနာ ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၃၀၀ ကိုလည်းကောင်း၊ မြန်မာ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှ ငွေကျပ် သိန်း ၂၀၀ ကိုလည်းကောင်း၊ တောင်ကြီးမြို့ တိမ်ဖြူတောင်ကုမ္ပဏီမှ ငွေကျပ် သိန်း ၂၀၀ ကိုလည်းကောင်း၊ တောင်ကြီးမြို့ တင်မြင့်ရီ ကုမ္ပဏီ လီမိတက်က ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ ဟဲဟိုးမြို့ မဟာစံ အုတ်စက်ရုံမှ ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့ သီရိခေမာရပ်ကွက်နေ ဦးလှမြင့် - ဒေါ်ဝင်းဝင်းမြင့် မိသားစုက ငွေကျပ် သိန်း ၅၀ ကို လည်းကောင်း၊ ဆေးတက္ကသိုလ်တောင်ကြီးမှ ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ ရေဘေးသင့်ပြည်သူများ အတွက် ယနေ့ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၄၁၅၀၀၀၀၀ ဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်မှ ယနေ့အထိ အလှူရှင်များက လာရောက်လှူဒါန်းသည့် အလှူငွေ စုစုပေါင်း စာရင်းချုပ်မှာ ငွေကျပ် ၁၉၃၃၀၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

---

❐ *ကျော်ဖုံးမှ*

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များ ကစားကြပြီး လူသစ်တန်းပြိုင်ပွဲ တစ်ဦးချင်း ဆုတံဆိပ်များ၊ လူသစ်တန်းအကောင်းဆုံး အားကစားသမားဆုများအား ဗိုလ်မှူးကြီး ကျော်စွာထွန်းကလည်းကောင်း၊ အကြိုးတန်းပြိုင်ပွဲတစ်ဦးချင်း ဆုတံဆိပ်များ၊ အကြိုးတန်းအကောင်းဆုံး အားကစားသမားဆုများအား နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးဦးက လည်းကောင်း၊ လူသစ်တန်းဒိုင်းဆု၊ အကြိုးတန်းဒိုင်းဆုနှင့် တံခွန်စိုက်ဒိုင်းဆုကြီးအား ဗိုလ်ချုပ်သက်ထွန်းဦးတို့က လည်းကောင်း ဆုများချီးမြှင့်ကြသည်။

အလားတူ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ တန်းကျော်ပြေးပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ သံပြားဝိုင်းပစ်ပြိုင်ပွဲ၊ တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ ၊ ဗိုလ်လုပွဲများကို အသီးသီးယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ပြေးခုန်ပစ်ကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသား/အမျိုးသမီး ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)တွင် အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ရှုံးထွက်ပွဲစဉ်များ၊ ပတ်လည်ပွဲစဉ်များ၊ တတိယလုပွဲများနှင့် ဗိုလ်လုပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ဂျူဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(B)တွင် အမျိုးသား ကွာတားအဆင့် ပတ်လည်ပွဲစဉ်များကို လည်းကောင်း၊ အမျိုးသား/အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(C)၌ လည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်



ဖလား ဘောလုံးပြိုင်ပွဲအဖြစ် ညနေပိုင်းတွင် လေ့ကျင့်ရေးကွင်း(၁)၌ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့်တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို လေးဂိုး - တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## မော်လမြိုင်ကျွန်းမြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ဟောပြော

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် (၁၈) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို အမှတ် (၁၁) ရပ်ကွက် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ဇုဝါဆောင်ခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်က အမှာစကားပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာ စန်းဝင်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ ဖြူဖြူဝင်းတို့က ခွေးရူးရောဂါကူးစက်လျှင် ဖြစ်နိုင်သော ရောဂါလက္ခဏာများ နှင့် ခွေးရူးရောဂါကာကွယ်ဆေးများအကြောင်း၊ ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါဖြစ်ကြောင်း ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပြီး ခွေးရူးရောဂါ ကာကွယ်တားဆီးရေး လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ စုစုပေါင်း ၆၀၀ ခန့်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိ

(၃၀-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၂-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၀၄၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ် - ၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

---

❖ *ကျော်ဖုံးမှ*

ကစားသမားများအဖြစ် ဆက်နွယ်နီ၊ ဆုဝါလွင်၊ ယွန်းမီမီလွင်၊ ဖူးပွင့်ခိုင်၊ ဝင်းဝင်းစိုး၊ မေဇင်ဦး၊ ခင်မိုးဝေ၊ ခင်မာလင်း၊ ခင်ဆုမြတ်၊ မေမြတ်မိုး၊ ယမင်းသန့်ဇင်၊ ဝတ်ရည်လွင်၊ သန်းသန်းဝေ၊ ခိုင်သဇင်ဦး၊ ခင်ပြည့်လင်း၊ နန်းဆိုင်ဘရင်း၊ နှင်းစန္ဒာလှိုင်၊ မေသက်ပိုင်၊ ဇင်ငြိမ်းချစ်၊ ယမင်းလွင်နှင့် လွင်လွင်သက်တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်နေပြီး ပဏာမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဦးဌေးမြင့်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းကို နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြတစ်ဦးဖြစ်ပြီး အမျိုးသမီးလက်ရွေးစင်အသင်းကို တစ်ကျော့ပြန်ကိုင်တွယ်ခွင့်ရရှိခြင်းဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်က ပထမဆုံးကျင်းပမည့် အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို အောက်တိုဘာလအတွင်း ပြုလုပ်မည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

---

ခရမ်းလွန်ရောင်ခြည်
အန္တရာယ်ကာကွယ်ရေး
အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခု ရှိရာ ယနေ့တွင် ပေါင်းလောင်းရေလှောင်တမံတွင် (၃ ဒသမ ၄၇)ပေနှင့် ငလိုက်ရေလှောင်တမံတွင် (၀ ဒသမ ၁၀)ပေ ကန်ရေပြည့်အမှတ် အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်ရက်နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ လျော့ကျလာလျက်ရှိသည်။

အလားတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံ ၂၄၆ ခုအနက်မှ ယနေ့တွင် ကန်ရေပြည့်အမှတ် အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေသည့် ရေလှောင်တမံများမှာ ကရင်ပြည်နယ်တွင် တစ်ခု၊ ချင်းပြည်နယ်တွင် သုံးခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၀ ခု၊ မကွေးတိုင်းဒေသကြီးတွင် ကိုးခု၊ မန္တလေးတိုင်းဒေသကြီးတွင် လေးခု၊ နေပြည်တော်တွင် နှစ်ခု၊ မွန်ပြည်နယ်တွင် နှစ်ခု၊ ရခိုင်ပြည်နယ်တွင် တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် သုံးခု၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် နှစ်ခု၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် တစ်ခုနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် လေးခုဖြစ်ပြီး စုစုပေါင်း ၄၄ ခု ရှိကာ ယခင်ရက်က ရေကျော်ခဲ့သည့် ရေလှောင်တမံ ၄၇ ခုထက် သုံးခု လျော့နည်းခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၃၀.၉.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံ အမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၃၀.၉.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေ ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၅၀၂၂ | ၆၂၆.၈၆ | ၅၆၄၂၈၉ | ၁၈၈၃၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၄၇ | ၁၇၉၆၂ | ၀.၀၁ | ၆၂၇.၂၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၀၃ | ၆၂၄.၄၀ | ၂၅၈၀၄ | - | ၁၀.၆၀ | ၁၀၆၉၆ | - | - | - | ၆၂၄.၃၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၂၄ | ၅၁၈.၇၀ | ၈၈၂၂၁ | ၂၂၂ | ၁.၃၀ | ၃၅၄၉ | - | - | - | ၅၁၈.၇၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၃၀ | ၁၀၉၄၂ | ၇ | ၁.၇၀ | ၁၃၁၅ | - | - | - | ၅၁၀.၄၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၇၉ | ၄၃၇.၆၅ | ၆၈၉၅၀ | ၂၅ | ၁.၃၅ | ၄၀၅၀ | - | - | - | ၄၃၇.၆၅ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၉၆ | ၅၃၅.၁၀ | ၇၅၂၈၈ | - | - | - | ၀.၁၀ | ၆၂ | - | ၅၃၅.၁၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၅၆ | ၇၉၀၅ | - | ၁.၄၄ | ၈၁၃ | - | - | - | ၄၁၆.၅၉ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၆၃ | ၇၀၂.၇၅ | ၁၀၃၃၀၉ | ၂ | ၇.၂၅ | ၃၉၇၈၁ | - | - | - | ၇၀၂.၇၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၇ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၅ | ၈၆၄.၅၀ | ၁၀၇၀၁ | - | ၅.၅၀ | ၃၈၉၉ | - | - | - | ၈၆၄.၇၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေပိုလွှဲမှ ရေကျော်နေသည့် တမံများ၏ အခြေအနေ (၃၀.၉.၂၀၂၄)ရက်နေ့ (၀၆ : ၀၀) နာရီ

| စဉ် | ရေလှောင်တမံ/ ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | (၂၉.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၃၀.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော် အမြင့် (ပေ) | တမံထိပ် ရောက်ရှိရန်လို (ပေ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | | | | | | |
| ၁ | ရေဘုတ် | ဘားအံ/လှိုင်းဘွဲ့ | ၆၃.၀၀ | ၇၁.၀၀ | ၆၃.၅၀ | ၆၃.၄၀ | -၀.၁၀ | ၀.၄၀ | ၇.၆၀ | ၆၉.၆၀ | ၆.၆၀ | ၂၉.၇.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| | | **ချင်းပြည်နယ်** | | | | | | | | | | | |
| ၂ | လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၈၄.၅၀ | ၆၂၉၀.၀၀ | ၆၂၈၅.၀၀ | ၆၂၈၅.၀၀ | ၀.၀၀ | ၀.၅၀ | ၅.၀၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |
| ၃ | အောက်လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၀၀.၇၅ | ၆၂၁၀.၀၀ | ၆၂၀၀.၈၅ | ၆၂၀၀.၈၅ | ၀.၀၀ | ၀.၁၀ | ၉.၁၅ | ၆၂၀၁.၉၅ | ၁.၂၀ | ၅.၇.၂၀၂၀ | ။ |

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

| စဉ် | ရေလှောင်တမံ/ ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | (၂၉.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၃၀.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော် အမြင့် (ပေ) | တမံထိပ် ရောက်ရှိ ရန်လို (ပေ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၄ | သီကီရိ | ဟားခါး/ထန်တလန် | ၅၀၀၀.၀၀ | ၅၀၁၀.၀၀ | ၅၀၀၀.၃၅ | ၅၀၀၀.၃၅ | ၀.၀၀ | ၀.၃၅ | ၉.၆၅ | - | - | - | စိုးရိမ်ရန်မရှိပါ။ |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | | | | |
| ၅ | မြောက်ယမား | ပုလဲ/ပုလဲ | ၄၈၇.၀၀ | ၄၉၈.၀၀ | ၄၈၉.၀၀ | ၄၈၉.၀၀ | ၀.၀၀ | ၂.၀၀ | ၉.၀၀ | ၄၉၄.၂၀ | ၇.၂၀ | ၂၀.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၆ | ရာဇဂြိုဟ် | ကလေး/ကလေး | ၆၄၀.၅၀ | ၆၆၀.၀၀ | ၆၄၂.၆၀ | ၆၄၂.၁၀ | -၀.၅၀ | ၁.၆၀ | ၁၇.၉၀ | ၆၅၃.၆၀ | ၁၃.၆၀ | ၃၁.၇.၂၀၁၅ | ။ |
| | | **ပဲခူးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၇ | ရေသိုး | တောင်ငူ/အုတ်တွင်း | ၂၂၀.၀၀ | ၂၃၀.၀၀ | ၂၂၀.၄၀ | ၂၂၀.၄၀ | ၀.၀၀ | ၀.၄၀ | ၉.၆၀ | ၂၂၃.၉၀ | ၃.၉၀ | ၇.၁၀.၂၀၀၈ | စိုးရိမ်ရန်မရှိပါ။ |
| ၈ | မင်းရဲ | တောင်ငူ/အုတ်တွင်း | ၂၀၅.၀၀ | ၂၁၅.၀၀ | ၂၀၅.၂၀ | ၂၀၅.၁၀ | -၀.၁၀ | ၀.၁၀ | ၉.၉၀ | ၂၁၁.၅၀ | ၆.၅၀ | ၃.၈.၂၀၂၀ | ။ |
| ၉ | ငမြွေ | တောင်ငူ/ဖြူး | ၂၃၃.၀၀ | ၂၄၂.၀၀ | ၂၃၃.၃၀ | ၂၃၃.၃၀ | ၀.၀၀ | ၀.၃၀ | ၈.၇၀ | ၂၃၆.၂၀ | ၃.၂၀ | ၁၃.၁၁.၂၀၀၁ | ။ |
| ၁၀ | ပျဉ်ပုံကြီး | ညောင်လေးပင်/ဒိုက်ဦး | ၁၅၆.၀၀ | ၁၆၄.၀၀ | ၁၅၆.၃၀ | ၁၅၆.၁၀ | -၀.၂၀ | ၀.၁၀ | ၇.၉၀ | ၁၆၀.၂၀ | ၄.၂၀ | ၈.၁၀.၂၀၂၃ | ။ |
| ၁၁ | တောင်နဝင်းရေထိန်း | ပြည်/ပေါက်ခေါင်း | ၂၀၁.၄၅ | ၂၂၁.၁၄ | ၂၀၂.၇၇ | ၂၀၂.၆၀ | -၀.၁၇ | ၁.၁၅ | ၁၈.၅၄ | ၂၀၅.၅၅ | ၄.၁၀ | ၁.၉.၂၀၁၉ | ။ |
| ၁၂ | ရွှေတောင် | ပြည်/ရွှေတောင် | ၁၉၃.၀၀ | ၂၀၃.၅၀ | ၁၉၄.၃၀ | ၁၉၄.၂၀ | -၀.၁၀ | ၁.၂၀ | ၉.၃၀ | ၁၉၅.၅၀ | ၂.၅၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၁၃ | တောင်ညို | နတ္တလင်း/နတ္တလင်း | ၂၅၅.၀၀ | ၂၇၀.၀၀ | ၂၅၇.၅၀ | ၂၅၇.၀၀ | -၀.၅၀ | ၂.၀၀ | ၁၃.၀၀ | ၂၅၈.၇၅ | ၃.၇၅ | ၂၂.၈.၂၀၀၆ | ။ |
| ၁၄ | ဘော်ဘင်(၂) | သာယာဝတီ/ဇီးကုန်း | ၂၆၅.၀၀ | ၂၈၀.၀၀ | ၂၆၅.၈၀ | ၂၆၅.၆၀ | -၀.၂၀ | ၀.၆၀ | ၁၄.၄၀ | ၂၆၈.၁၀ | ၃.၁၀ | ၄.၉.၂၀၁၄ | ။ |
| ၁၅ | သဲကော | သာယာဝတီ/လက်ပံတန်း | ၁၅၀.၀၀ | ၁၆၀.၀၀ | ၁၅၁.၅၀ | ၁၅၁.၄၀ | -၀.၁၀ | ၁.၄၀ | ၈.၆၀ | ၁၅၃.၁၅ | ၃.၁၅ | ၁၁.၉.၂၀၁၉ | ။ |
| ၁၆ | သုံးဆယ် | သာယာဝတီ/သာယာဝတီ | ၂၃၄.၀၀ | ၂၄၆.၀၀ | ၂၃၆.၀၀ | ၂၃၅.၉၀ | -၀.၁၀ | ၁.၉၀ | ၁၀.၁၀ | ၂၃၆.၀၀ | ၂.၀၀ | ၃၀.၉.၂၀၂၃ | ။ |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၁၇ | နတ်မောက် | မကွေး/နတ်မောက် | ၆၈၃.၀၀ | ၇၀၆.၅၀ | ၆၈၄.၃၀ | ၆၈၄.၀၀ | -၀.၃၀ | ၁.၀၀ | ၂၂.၅၀ | ၆၈၉.၅၀ | ၆.၅၀ | ၅.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၁၈ | မြစ်သာ | ဂန့်ဂေါ/ဂန့်ဂေါ | ၁၀၁၀.၀၀ | ၁၀၃၀.၀၀ | ၁၀၁၂.၀၀ | ၁၀၁၁.၇၀ | -၀.၃၀ | ၁.၇၀ | ၁၈.၃၀ | ၁၀၁၇.၇၀ | ၇.၇၀ | ၁၈.၁၀.၂၀၁၂ | ။ |
| ၁၉ | ဝန်ချောင်း(ကဇွန်းမ) | ပခုက္ကူ/ဆိပ်ဖြူ | ၄၁၀.၀၀ | ၄၂၀.၀၀ | ၄၁၀.၄၀ | ၄၁၀.၂၀ | -၀.၂၀ | ၀.၂၀ | ၉.၈၀ | ၄၁၆.၀၀ | ၆.၀၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၂၀ | စလင်း | မင်းဘူး/စလင်း | ၇၆၀.၀၀ | ၇၈၀.၀၀ | ၇၆၁.၂၀ | ၇၆၁.၄၀ | ၀.၂၀ | ၁.၄၀ | ၁၈.၆၀ | ၇၇၃.၆၀ | ၁၃.၆၀ | ၂၀.၁၀.၂၀၁၁ | ။ |
| ၂၁ | မုန်းချောင်း | မင်းဘူး/စေတုတ္တရာ | ၅၂၀.၀၀ | ၅၆၀.၀၀ | ၅၂၄.၈၀ | ၅၂၄.၁၀ | -၀.၇၀ | ၄.၁၀ | ၃၅.၉၀ | ၅၅၅.၈၀ | ၃၅.၈၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၂ | မန်းချောင်း | မင်းဘူး/ငဖဲ | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၆.၀၀ | ၆၂၆.၀၀ | ၀.၀၀ | ၁.၀၀ | ၁၄.၀၀ | ၆၃၂.၈၀ | ၇.၈၀ | ၉.၈.၁၉၉၉ | ။ |
| ၂၃ | ကြီးအုံကြီးဝ | မင်းဘူး/ပွင့်ဖြူ | ၃၄၀.၀၀ | ၃၈၀.၅၀ | ၃၄၆.၀၀ | ၃၄၅.၅၀ | -၀.၅၀ | ၅.၅၀ | ၃၅.၀၀ | ၃၇၃.၀၀ | ၃၃.၀၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၄ | ဘွက်ကြီး | သရက်/အောင်လံ | ၄၂၀.၀၀ | ၄၃၈.၀၀ | ၄၂၀.၇၀ | ၄၂၀.၈၀ | ၀.၁၀ | ၀.၈၀ | ၁၇.၂၀ | ၄၂၃.၈၀ | ၃.၈၀ | ၂၉.၁၀.၂၀၁၃ | ။ |
| ၂၅ | မဒေး | သရက်/ကံမ | ၄၃၄.၀၀ | ၄၅၁.၀၀ | ၄၃၄.၇၀ | ၄၃၄.၅၀ | -၀.၂၀ | ၀.၅၀ | ၁၆.၅၀ | ၄၄၀.၅၀ | ၆.၅၀ | ၁၂.၁၀.၂၀၁၅ | ။ |
| | | **မန္တလေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၂၆ | သစ်ဆုံ | ရမည်းသင်း/ရမည်းသင်း | ၈၄၀.၀၀ | ၈၄၇.၅၀ | ၈၄၀.၂၀ | ၈၄၀.၂၀ | ၀.၀၀ | ၀.၂၀ | ၇.၃၀ | ၈၄၁.၀၀ | ၁.၀၀ | ၁၃.၁၀.၂၀၁၇ | စိုးရိမ်ရန်မရှိပါ။ |
| ၂၇ | လဲဖြူ | ရမည်းသင်း/ရမည်းသင်း | ၇၈၈.၀၀ | ၇၉၇.၀၀ | ၇၈၈.၁၀ | ၇၈၈.၁၀ | ၀.၀၀ | ၀.၁၀ | ၈.၉၀ | ၇၉၀.၇၀ | ၂.၇၀ | ၁၉.၉.၂၀၂၂ | တမံထိပ်ရေကျော် ခဲ့သော်လည်း ထိခိုက်မှုမရှိပါ။ |
| ၂၈ | ကျောက်တစ်လုံးရေကူ | မြင်းခြံ/တောင်သာ | ၇၂၂.၀၀ | ၇၃၅.၀၀ | ၇၂၂.၂၀ | ၇၂၂.၁၀ | -၀.၁၀ | ၀.၁၀ | ၁၂.၉၀ | ၇၂၆.၈၀ | ၄.၈၀ | ၁၅.၁၀.၂၀၁၀ | စိုးရိမ်ရန်မရှိပါ။ |
| ၂၉ | ကျောက်တစ်လုံး | မြင်းခြံ/တောင်သာ | ၆၄၅.၀၀ | ၆၅၈.၀၀ | ၆၄၅.၂၀ | ၆၄၅.၂၀ | ၀.၀၀ | ၀.၂၀ | ၁၂.၈၀ | ၆၄၆.၉၀ | ၁.၉၀ | ၂၄.၁၀.၂၀၁၀ | ။ |
| | | **နေပြည်တော်** | | | | | | | | | | | |
| ၃၀ | ပေါင်းလောင်း | ဥတ္တရ/ဇေယျာသီရိ | ၆၂၃.၁၉ | ၆၆၆.၀၄ | ၆၂၇.၂၉ | ၆၂၆.၈၆ | -၀.၄၃ | ၃.၆၇ | ၃၉.၁၈ | ၆၃၅.၂၆ | ၁၁.၈၇ | ၁၄.၉.၂၀၂၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၁ | ငလိုက် | ဥတ္တရ/ဥတ္တရသီရိ | ၅၃၅.၀၀ | ၅၅၅.၀၀ | ၅၃၅.၁၀ | ၅၃၅.၁၀ | ၀.၀၀ | ၀.၁၀ | ၁၉.၉၀ | ၅၃၇.၅၅ | ၂.၅၅ | ၁၀.၉.၂၀၀၅ | ။ |
| | | **မွန်ပြည်နယ်** | | | | | | | | | | | |
| ၃၂ | ဝါးပါး | သထုံ/သထုံ | ၉၆.၀၀ | ၁၀၅.၅၀ | ၉၆.၅၀ | ၉၆.၆၀ | ၀.၁၀ | ၀.၆၀ | ၈.၉၀ | ၁၀၁.၇၅ | ၅.၇၅ | ၁၆.၈.၁၉၉၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၃ | ကဇိုင်း | သထုံ/ဘီးလင်း | ၅၈.၀၀ | ၆၈.၀၀ | ၅၈.၃၅ | ၅၈.၃၀ | -၀.၀၅ | ၀.၃၀ | ၉.၇၀ | ၆၃.၈၀ | ၅.၈၀ | ၁၄.၁၀.၂၀၀၇ | ။ |
| | | **ရခိုင်ပြည်နယ်** | | | | | | | | | | | |
| ၃၄ | ဟင်းရွက်ချောင်း | မြောက်ဦး/အမ်း | ၉၅.၀၀ | ၁၀၅.၀၀ | ၉၆.၄၀ | ၉၆.၄၀ | ၀.၀၀ | ၁.၄၀ | ၈.၆၀ | ၉၉.၂၀ | ၄.၂၀ | ၁၅.၆.၂၀၁၈ | စိုးရိမ်ရန်မရှိပါ။ |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | | | | | | |
| ၃၅ | မဟူရာ(ငမိုးရိပ်)ရေကူ | လှည်းကူး/လှည်းကူး | ၂၁၆.၀၀ | ၂၂၆.၀၀ | ၂၁၇.၀၀ | ၂၁၆.၈၅ | -၀.၁၅ | ၀.၈၅ | ၉.၁၅ | ၂၂၁.၄၀ | ၅.၄၀ | ၉.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| ၃၆ | ငမိုးရိပ် | လှည်းကူး/လှည်းကူး | ၁၀၇.၀၀ | ၁၂၀.၀၀ | ၁၀၉.၁၀ | ၁၀၈.၉၅ | -၀.၁၅ | ၁.၉၅ | ၁၁.၀၅ | ၁၁၃.၁၅ | ၆.၁၅ | ၉.၁၀.၂၀၂၃ | ။ |
| ၃၇ | တဘူးလှ | တိုက်ကြီး/တိုက်ကြီး | ၁၉၅.၀၀ | ၂၀၅.၀၀ | ၁၉၆.၄၀ | ၁၉၆.၁၅ | -၀.၂၅ | ၁.၁၅ | ၈.၈၅ | ၁၉၇.၇၀ | ၂.၇၀ | ၉.၁၀.၂၀၂၃ | ။ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၃၈ | ဇော်ဂျီ | တောင်ကြီး/ရပ်စောက် | ၁၂၂၅.၀၀ | ၁၂၄၀.၀၀ | ၁၂၂၇.၄၀ | ၁၂၂၇.၄၀ | ၀.၀၀ | ၂.၄၀ | ၁၂.၆၀ | ၁၂၂၉.၈၀ | ၄.၈၀ | ၁၂.၁၀.၂၀၀၆ | စိုးရိမ်ရန်မရှိပါ။ |

*စာမျက်နှာ ၁၈ သို့*

# ရှမ်းပြည်နယ်အဆင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်



ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

**တောင်ကြီး စက်တင်ဘာ ၃၀**

၂၀၂၄ခုနှစ် ရှမ်းပြည်နယ်(၂၅) ကြိမ်မြောက် ငွေရတု မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက်က တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အခြေခံပညာ အသက် (၁၅-၂၀) အမျိုးသား၊ အမျိုးသမီး၊ မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိသူများ၊ အခြေခံပညာအဆင့် အသက် (၁၀-၁၅) အမျိုးသား၊အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆု ရရှိသူများအား ဆုချီးမြှင့်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘာသာရပ်အလိုက် ဆုရရှိသူများအား ဂုဏ်ပြုဆုတို့ကို ဆုနှင့်ဂုဏ်ပြု မှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်က ပြည်နယ်အဆင့် (၂၅)ကြိမ်မြောက်ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ဆောင်ရွက်ပေးကြ သည့် အကဲဖြတ်ဒိုင်များ၊ တောင်ကြီးတက္ကသိုလ်နှင့် အခြေခံပညာ ဦးစီးဌာနတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က (၂၅)ကြိမ် မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်တွင် သီတင်းကျွတ်ကျောင်းပိတ်ရက် ကာလဖြစ်သည့် အောက်တိုဘာ ၁၄ ရက်မှ ၂၃ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ် ကြောင်း၊ ရှမ်းပြည်နယ်အဆင့် ပြိုင်ပွဲကြီးကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ခရိုင်များမှ ပြိုင်ပွဲဝင် ၂၂၅ ဦးဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် ပြိုင်ပွဲသို့ ရှမ်းပြည် နယ်အနေဖြင့် အဆိုဘာသာရပ်တွင် ပြိုင်ပွဲအမျိုး အစား ၁၆ မျိုး၊ အကဘာသာရပ်တွင် ပြိုင်ပွဲ အမျိုး အစား ၁၁ မျိုး၊ အရေးဘာသာရပ်တွင် ပြိုင်ပွဲအမျိုး အစား တစ်မျိုး၊ အတီးဘာသာရပ်တွင် ပြိုင်ပွဲအမျိုး အစား ၂၄ မျိုး စုစုပေါင်းပြိုင်ပွဲ အမျိုးအစား ၅၂ မျိုး တွင် ပြိုင်ပွဲဝင် ၁၂၈ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်နိုင်ရေး ရွေးချယ်ပြီးဖြစ်၍ ပြိုင်ပွဲကြီးကို ဂုဏ်သိက္ခာ ရှိရှိပါဝင် ယှဉ်ပြိုင်ကြပြီး ရှမ်းပြည်နယ်၏ ဂုဏ်ကိုဆောင်နိုင် ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဝီရိယ စိုက်ထုတ် ကြိုးစားယှဉ်ပြိုင်ကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် နေပြည်တော်သို့ သွားရောက် ယှဉ်ပြိုင်ကြမည့် ရှမ်းပြည်နယ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးအဖွဲ့ထံသို့ ပြည်နယ်ဝန်ကြီးချုပ်က အောင်နိုင်ရေးအလံ ပေးအပ် ရာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်နေမျိုးတို့က လက်ခံယူကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဧရာဝတီတိုင်းဒေသကြီး၌ စာရင်းကောက်ကွက် ၁၄၂၉၆ ကွက်၊ အဖွဲ့ ၁၀၂၂ ဖွဲ့ဖြင့် သန်းခေါင်စာရင်းကောက်မည်


တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း စာရင်းကောက်အဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ပုသိမ် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်း အရာသန်းခေါင်စာရင်းကောက်ယူ ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကို စက်တင်ဘာ ၂၈ ရက်က ကျင်းပသည်။

**တင်ပြဆွေးနွေး**

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး သန်းခေါင်းစာရင်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် လူဦး ရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် မြို့နယ် အဆင့် စာရင်းစစ်၊ စာရင်း ကောက်သင်တန်းများ ဖွင့်လှစ်ခဲ့ ပြီး လက်တွေ့ကောက်ယူခြင်း များနှင့် သင်တန်းဆင်းနိုင်ခဲ့ပြီဖြစ် ကြောင်း၊ လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူရာတွင် မေးခွန်း များကို ပြည့်စုံစွာမေးမြန်းဖြေဆို နိုင်ရေး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စာရင်းကောက်ယူ ခြင်းအား သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး၊ တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ အားလုံး ပါဝင်စေရေးနှင့် အခက်အခဲများ ရှိပါကလည်း တင်ပြဆွေးနွေးပေး ကြစေလိုကြောင်း ပြောကြား သည်။

**လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး**

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဦးစီးမှူးနှင့် တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး တို့က သန်းခေါင်စာရင်းကောက်ယူ မည့် အစီအမံများ၊ လုံခြုံရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး တင်ပြသည်။

ဆက်လက်၍ အစည်းအဝေး သို့ တက်ရောက်လာကြသူများ၏ အထွေထွေဆွေးနွေး တင်ပြချက် များအား တိုင်းဒေသကြီး ဝန်ကြီး ချုပ်က လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အနေဖြင့် မြို့နယ် ၂၆ မြို့နယ်၊ ရပ်ကွက် ၃၀၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉၂၀ ရှိပြီး အိမ်ထောင်စု ကောက်ကွက်ပေါင်း ၁၄၂၉၆ ကွက်၊ စာရင်းကောက်အဖွဲ့ပေါင်း ၁၀၂၂ ဖွဲ့၊ စာရင်းစစ် ၁၁၅၀၊ စာရင်းကောက် ၄၃၂၈ ဦး စုစုပေါင်း ၅၄၇၈ ဦးဖြင့် ကောက်ယူမည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

*စာမျက်နှာ ၁၇ မှ*

| စဉ် | ရေလောင်တမံ/ ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | (၂၉.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၃၀.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော် အမြင့် (ပေ) | တမံထိပ် ရောက်ရှိ ရန်လို (ပေ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၃၉ | မြို့ကြီး | တောင်ကြီး/ရွာငံ | ၆၈၉.၀၀ | ၇၁၄.၀၀ | ၆၉၂.၂၀ | ၆၉၁.၉၀ | -၀.၃၀ | ၂.၉၀ | ၂၂.၁၀ | ၆၉၇.၁၀ | ၈.၁၀ | ၁၀.၉.၂၀၂၄ | စိုးရိမ်ရန်မရှိပါ။ |
| | | **ရှမ်းပြည်နယ်(မြောက်ပိုင်း)** | | | | | | | | | | | |
| ၄၀ | မုံးရင် | ကျောက်မဲ/နမ္မတူ | ၁၉၇၅.၀၀ | ၁၉၈၉.၀၀ | ၁၉၇၅.၅၀ | ၁၉၇၅.၅၀ | ၀.၀၀ | ၀.၅၀ | ၁၃.၅၀ | ၁၉၇၉.၆၀ | ၄.၆၀ | ၁၃.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | | | | | | |
| ၄၁ | ကွန်ချောင်း | ဟင်္သာတ/ကြံခင်း | ၂၇၇.၀၀ | ၂၈၇.၀၀ | ၂၇၇.၈၀ | ၂၇၇.၇၀ | -၀.၁၀ | ၀.၇၀ | ၉.၃၀ | ၂၈၁.၂၀ | ၄.၂၀ | ၂၁.၈.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| ၄၂ | မမြ | ဟင်္သာတ/မြန်အောင် | ၃၁၅.၀၀ | ၃၃၀.၀၀ | ၃၁၆.၃၀ | ၃၁၆.၂၀ | -၀.၁၀ | ၁.၂၀ | ၁၃.၈၀ | ၃၂၀.၅၀ | ၅.၅၀ | ၁၅.၆.၂၀၁၈ | ။ |
| ၄၃ | နန်ကသူ | ဟင်္သာတ/အင်္ဂပူ | ၂၆၀.၀၀ | ၂၇၅.၀၀ | ၂၆၁.၂၀ | ၂၆၀.၉၀ | -၀.၃၀ | ၀.၉၀ | ၁၄.၁၀ | ၂၇၀.၁၀ | ၁၀.၁၀ | ၉.၇.၂၀၀၆ | ။ |
| ၄၄ | ကညင် | ဟင်္သာတ/အင်္ဂပူ | ၂၈၈.၀၀ | ၃၀၈.၀၀ | ၂၈၉.၇၀ | ၂၈၉.၇၀ | ၀.၀၀ | ၁.၇၀ | ၁၈.၃၀ | ၂၉၈.၉၀ | ၁၀.၉၀ | ၁၁.၆.၂၀၁၈ | ။ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၁ | အင်းလေးကန် | တောင်ကြီး/ညောင်ရွှေ | ၂၉၀၅.၀၀ | ၂၉၀၅.၀၀ | ၂၉၀၇.၁၀ | ၂၉၀၆.၄၀ | -၀.၇၀ | ၁.၄၀ | -၁.၄၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |

**ရေကျော်ရေလှောင်တမံ (၄၄) ခုနှင့် ကန် (၁) ခု၊ စုစုပေါင်း (၄၅) ခု ဖြစ်ပါသည်။**
**ယခင်နေ့နံနက် (၀၆:၀၀) နာရီ၏ ရေကျော်ရေလှောင်တမံ (၄၇) ခုထက် ရွှေပြည် (၃)၊ ရင်းရှည်နှင့် ပဒဲရေလှောင်တမံ (၃) ခု လျော့နည်းခြင်းဖြစ်ပါသည်။**

# ကျောက်ဆည်ခရိုင်၌ မိုးနေကြာ ရိတ်သိမ်းပြီးစီးမှုနှင့် ဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံကိုလည်း စိုက်ပျိုးကြကြောင်း၊ ၂၀၂၄ ခုနှစ်တွင် မိုးနေကြာစိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၃၀၈၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၂၈၆၁ ဧက၊ မြစ်သားမြို့နယ်တွင် ၉၈၂ ဧက စုစုပေါင်း ၆၉၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးနေကြာသီးနှံကို သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ဇွန်လတွင် စတင်စိုက်ပျိုး၍ စက်တင်ဘာလတွင် မိုးနေကြာများ ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ နေကြာသီးနှံကို မိုးနေကြာနှင့် ဆောင်းနေကြာဟူ၍စိုက်ပျိုးပြီး မျိုးအနေဖြင့် ဆင်းရွှေကြာ-၁ မျိုးနှင့် ဆင်းရွှေကြာ-၂ မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၅-၂၇ တင်း ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နေကြာတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀၊ နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် နေကြာသီးနှံများကို မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၂၅၀၀၀၀ ခန့် ရရှိကြောင်း၊ နေကြာသီးနှံစိုက်ပျိုးခြင်းသည် စိုက်ပျိုးမှုကုန်ကျစရိတ် သက်သာပြီး မိသားစုစားသုံးဆီ ဖူလုံသည့်အပြင် အကျိုးအမြတ်များ ရရှိသောကြောင့် နေကြာသီးနှံများကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

# မကွေးမြို့နယ် ဝါးတောချောင်ကျေးရွာ၌ ဘူးပင်စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဝါးတောချောင်ကျေးရွာတွင် နှမ်းနှင့် ပဲမျိုးစုံသီးနှံများကို အဓိက စိုက်ပျိုးကြပြီး ဟင်းသီးဟင်းရွက်သီးနှံများလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိရာ ဈေးကွက်၌ ရောင်းအားရှိသည့် ဘူးပင်သုံးဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဘူးပင်ကို ဇွန်လလယ်တွင် စတင်စိုက်ပျိုးပြီး စက်တင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ဘူးလည်လှမျိုးနှင့် ဘူးရှည်မျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၁၀၀ ဂရမ်ပါ အထုပ် ၁၈ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ပေခွဲအကွာ ကျင်းတူး၍ အစေ့ချစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၃ သိန်းခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ဘူးသီးအလုံးရေ ၅၀၀၀-၆၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဘူးသီးအလုံးအရွယ်အစားအပေါ် မူတည်၍ စက်တင်ဘာလ တတိယပတ်တွင် ဘူးသီးတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၅၀၀-၁၀၀၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းသည်များမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး မကွေးမြို့ပေါ်သို့ ပြန်လည်ရောင်းချကြသည်။



ဘူးသီးပင်စိုက်ပျိုးခြင်းသည် ဘူးသီးများသာမက ဘူးညွန့်(ဘူးရွက်)များပါ ရောင်းချရသောကြောင့် အပိုဝင်ငွေများရရှိပြီး ယခုနှစ်တွင် ဘူးသီးဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ DOCA (မကွေး)

# မြင်းခြံမြို့နယ်ရှိ ကွမ်းဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျီးပင်ကန်ကျေးရွာတွင် ကွမ်းကို တစ်နိုင်တစ်ပိုင်အနေဖြင့် သော်လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း စိုက်ပျိုးကြပြီး မိုးစိုက်နှင့် ဆောင်းစိုက်ဟူ၍ စိုက်ပျိုးကြရာ မိုးစိုက်မှာ ပိုးကျလွယ်ပြီး ပျက်စီးဆုံးရှုံးမှုများသဖြင့် ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

စိုက်ပျိုးရန် ကွမ်းမျိုးအတွက် ကွမ်းညွန့်တစ်ညွန့်လျှင် လက်ကားဈေးငွေကျပ် ၄၀၀ ခန့်ဖြင့် ဝယ်ယူကာ ၁ ဒသမ ၂၅ ဧကအကျယ်ရှိ ကွမ်းခြံ၌ ကွမ်းအညွန့် ၅၀၀-၅၅၀ ခန့် စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ကွမ်းနုဝါမျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကွမ်းကို စိုက်ပျိုးပြီး ၅-၆ လခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ပြီး နေရာဒေသ၊ မြေအနေအထားနှင့် ကွမ်းမျိုးကောင်းမျိုးသန့်အပေါ် မူတည်၍ ၃ နှစ်မှ ၅ နှစ်အထိ ခူးဆွတ်ရရှိနိုင်ကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် ၁ ဒသမ ၂၅ ဧကလျှင် ငွေကျပ် ၂၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ကွမ်းရွက်ကို ၁၀ ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ် ခူးဆွတ်လျှင် ၁၀-၁၅ ပိဿာခန့်ထွက်ရှိ၍ တစ်လလျှင် ပိဿာချိန် ၃၅-၄၀ ခန့် ထွက်ရှိရာ ကွမ်းပင်များ ဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်း ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်း ဈေးကွက်အနေဖြင့် စက်တင်ဘာလနောက်ဆုံးပတ်တွင် လက်ကားဈေး ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၇၀၀၀ နှုန်းဖြင့် မြင်းခြံမြို့ပေါ်ရှိ ကွမ်းအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ အအေးဓာတ်ဝင်လျှင် ကွမ်းအထွက်နှုန်း နည်းသွားသည့်အတွက် ဆောင်းတွင်း ကာလများတွင် ဈေးနှုန်းတက်နိုင်မည်ဖြစ်ကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။ DOCA (မန္တလေး)



## ၃၀-၉-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | – | ၂၀၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၃၀၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၇၀၀ | ၂၀၀၀၀ | – | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၄၅၀ | ၃၄၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၇၆၅၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၄၅၀၀ | | ၈၈၀၀ | ၂၂၀၀၀ | ၈၁၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | | | ၆၀၀၀ | ၁၃၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၈၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၆၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၂၀၀ | ၆၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၉၈၀၀ | ၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၁၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၄၀၀၀ | ၇၁၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၀၀၀ | ၂၆၀၀၀ | – | ၅၀၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၂၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၇၇၅၀ | ၁၄၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၇၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၄၀၀ | ၂၁၀၀၀ | ၇၇၆၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၄၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၃၅၀၀ | | ၆၀၀၀ | ၁၇၅၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၇၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၆၀၀၀ | ၇၆၀၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၂၆၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၄၅၀ | ၉၅၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၆၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၄၅၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၅၉၀ | ၁၁၅၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၄၀၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၅၉၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၆၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၈၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၇၅၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၁၈၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## ဒလမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေး

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်ဖြစ်သည့် ကြိုတင်ကာကွယ်ဆေး(OCV)တိုက်ကျွေးခြင်းကို ဦးတည်အုပ်စုများအလိုက် ကွင်းဆင်းတိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှု၊ မြို့နယ်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ထွန်းဝင်းစီစဉ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ဦးတည်အုပ်စုများအလိုက် အဖွဲ့များခွဲ၍ ကာကွယ်ဆေးတိုက်ကျွေးလျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ဦး**



ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ကျေးရွာအချို့ ရေကြီးနစ်မြုပ်ခြင်းများဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရေပြန်လည်ကျဆင်း၍ နေအိမ်များ၌ ပြန်လည်နေထိုင်ပြီဖြစ်ရာ စက်တင်ဘာ ၂၉ ရက်က လယ်ဝေးမြို့ ခုတင် (၁၀၀) ဆေးရုံမှ အထူးကုဆရာဝန်(အရိုး)နှင့် လက်ထောက်ဆရာဝန်များ ပါဝင်သောအဖွဲ့သည် ဟေမာန်ကျေးရွာမှ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးစဉ်။

ဝေကြည်(ပြန်/ဆက်)

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် သစ္စာအားမာန်နှင့် အား/ကာသိပ္ပံ သရေကျပြီး ရန်ကုန်အသင်း ဂိုးပြတ်နိုင်ပွဲရရှိ

**ရန်ကုန် စက်တင်ဘာ ၃၀**

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၆ နောက်ဆုံးနေ့ကို စက်တင်ဘာ ၃၀ ရက်က ဆက်လက်ကျင်းပရာ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် အား/ကာသိပ္ပံအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် သစ္စာအားမာန်အသင်းမှ လမင်းထိုက် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် အား/ကာသိပ္ပံအသင်း ဦးဆောင် ဂိုးရခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် ချေပဂိုးကို မိနစ် ၉၀ တွင် စောမင်းခန့်နိုင်က သွင်းယူခဲ့သည်။

**ဂိုးပြတ်အနိုင်ရ**

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၅၊ ၇၂ မိနစ်တွင် စိုင်းဇေယျာကျော်၊ ၆၂ မိနစ်တွင် အောင်ကောင်းမြတ်၊ မိနစ် ၉၀ တွင် လမင်းပြည့်စုံတို့က သွင်းယူပြီး ဒဂုံစတားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၃၆ မိနစ်တွင် ညီညီတိုးက သွင်းယူခဲ့သည်။

**ဇယားထိပ်ပိုင်း၌ ဦးဆောင်နေ**

ပွဲစဉ် (၁၆) တွင် Junior Lions အသင်း (ခ) မြန်မာ ယူ-၁၆ အသင်း နိုင်ငံတကာခြေစမ်းပွဲကြောင့် ကြိုတင်ကစားထားသဖြင့် ကျန်ရှိသည့် ငါးပွဲသာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၁၆) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၃၅ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး Junior Lions အသင်းက ၁၅ ပွဲကစား အမှတ် ၃၀၊ အား/ကာသိပ္ပံအသင်းက ၁၄ ပွဲကစား အမှတ် ၃၀ ဖြင့် ဇယားထိပ်ပိုင်း၌ ဦးဆောင်နေသည်။

**ရဲရင့်လွင်**



## ဂျပန်နိုင်ငံ၌ ကျင်းပမည့် 2024 Asia-Pacific Amateur Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာကစားသမားနှစ်ဦး ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ဂျပန်နိုင်ငံ Taiheiyo Club Gotemba Course, Gotemba ၌ အောက်တိုဘာ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည့် Asia-Pacific Amateur Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့သည် စက်တင်ဘာ ၂၉ ရက်က ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အားကစားဖွဲ့တွင် ကစားသမားများအဖြစ် ကျော်ကိုကိုချစ်နှင့် ဟိန်းနိုင်ဇင်တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(အပေါ်ပုံ)** Asia-Pacific Amateur Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် အာရှဒေသတွင်း အဆင့်မြင့်မားသည့် အပျော်တမ်းဂေါက်ပြိုင်ပွဲတစ်ခုဖြစ်ပြီး အာရှဒေသတွင်းနိုင်ငံများနှင့် သမုဒ္ဒရာပိုင်းဇုန်နိုင်ငံများမှ ဂေါက်သီးရိုက်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နှစ်စဉ်နီးပါး ကျင်းပခဲ့သည့် ပြိုင်ပွဲတစ်ခုလည်း ဖြစ်သည်။ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်သည် ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရစေရန် နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိပြီး Asia-Pacific Amateur Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အဆင့်မြင့်ပြိုင်ပွဲဖြစ်သောကြောင့် မြန်မာဂေါက်သီးရိုက်အားကစားသမားများ အကျိုးရှိမည့်ပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။

**ကိုညီလေး၊ ဓာတ်ပုံ-MGF**

## မုံရွာမြို့ပေါ်တွင် ဆိုင်ကယ်စီးလုယက်နေသူများကို ဖမ်းဆီးရမိ

**မုံရွာ စက်တင်ဘာ ၃၀**

မုံရွာမြို့ပေါ်၌ ဆိုင်ကယ်စီးနင်းလုယက်နေသောအဖွဲ့ကို မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်း ဦးစီးပူးပေါင်းအဖွဲ့က စက်တင်ဘာ ၁၆ ရက်တွင် ဖမ်းဆီးရမိသဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ဒုရဲမှူး စောမင်းသိန်း ဦးစီးပူးပေါင်းအဖွဲ့တို့သည် နယ်မြေလုံခြုံရေးအတွက် စက်တင်ဘာ ၁၆ ရက်က မုံရွာမြို့ အလယ်ရပ်ကွက် ကျောက္ကာလမ်းမပေါ်တွင် CZI -125 အနက်ရောင်ဆိုင်ကယ်နှင့် CZI-125 အစိမ်းရောင်ဆိုင်ကယ်တို့ကို စီးနင်းမောင်းနှင်လာသူ နှစ်ဦးကို စစ်ဆေးရာ ဝင်းမိုးကျော် (၂၅ နှစ်) နှင့် ချစ်ဝိုင်း (၂၁ နှစ်) ရေစကြိုမြို့နယ်နေသူတို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် ဒွေးဝင်းဇော် (ထွက်ပြေးလွတ်မြောက်သွားသူ)နှင့်အတူ မုံရွာမြို့ ကျောက္ကာလမ်းပေါ်တွင် သွားလာသူများထံမှ လုယက်ရန် ကြံစည်နေကြသူများဖြစ်ပြီး မုံရွာမြို့ အင်းရွာသစ်ရပ်ကွက်တွင် အိမ်ငှားနေထိုင်ကြသူများဖြစ်ကြောင်း သိရသည်။

ဆက်လက်စစ်ဆေးရာ ၎င်းတို့သည် ဆိုင်ကယ်ဖြင့် မုံရွာမြို့ တမာတန်းမီးပွိုင့်အနီးတွင် အသက် (၃၀) ခန့် အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းနှင့် ငွေကျပ် သိန်း၂၀၊ အသက် (၃၅) နှစ်ခန့်အရွယ် အမျိုးသမီးနှစ်ဦးထံမှ ငွေကျပ်လေးသိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးပါ လက်ကိုင်အိတ်တို့ကို လုယူခဲ့သူများဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဆိုင်ကယ်စီးနင်းလုယက်သူနှစ်ဦးအား ဥပဒေအရ အရေးယူနိုင်ရေး မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှူးက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် (၃) မိုင်အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ တရားမဝင် အခြားသစ်တန် ၁ ဒသမ ၉၉၀၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၄၀၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်နှင့် ဖျာပုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကျုံပျော်ခရိုင်၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၇၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၉ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Pregio Van တစ်စီး၊ Nissan Truck တစ်စီး၊ Isuzu Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်တန် ၀ ဒသမ ၆၂၀၊ အခြားသစ် ၅ ဒသမ ၆၉၃ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၇၀၉၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၀၀၇၀၉၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာ ၂၇ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၇၁၆၁၀၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 58W/70109 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊(၁၁)ရပ်ကွက်၊ လမ်းသစ်အိမ်ရာ(Tower-A)၊(၉)ထပ်၊ အခန်းအမှတ်(A-၉၀၅)၊ အခန်းအကျယ်အဝန်း (၇၇၀၈ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်း(ယခင်တိုက်အမှတ်-၁၀)၊ အခန်းအမှတ်(၄)၊လမ်းသစ်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့ ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက ဒေါ်ကေသီကြိုင် ၁၂/လမတ(နိုင်)၀၁၇၂၀၀၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၈၇၃/၂၀၂၃) ရရှိသူ ဦးအောင်ကျော်ဇေယ ၁၂/ကစက(နိုင်) ၀၅၇၀၉၄ထံမှ ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းဝင်း**
(တရားလွှတ်တော်ရှေ့နေ)(စဥ်-၂၁၇၂)
B.A(Law),LL.B(Advocate),D.B.L,D.M.L,D.I.L,D.A.Psy.
WIPO,DL(101),(201),(317)Switzerland(Geneva)
အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၇၁၂၀၆၊ ၀၉-၈၇၄၇၃၅၆၈၆

## မိဘအမည်မှန်

ဟုမ္မလင်းမြို့၊ အမက-၂ကျောင်းမှ မောင်ဖြိုးကိုကို G-3၏ မိဘအမည်မှန်မှာ ဦးအေးဖေ ၅/ဗမန(နိုင်)၀၉၁၅၄၉နှင့် ဒေါ်ဇာခြည်စိမ့်စိမ့်သူ ၅/ဟမလ(နိုင်)၁၅၀၅၄၀ ဖြစ်ပါကြောင်း။

## အမည်မှန်

ဟုမ္မလင်းမြို့၊ အမက-၂ကျောင်းမှ မအေးဘုဏ်းပြည့်စံ G-3၏ အမည်မှန်မှာ မဘောဏ်းပြည့်စံ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်းကြေညာခြင်း

ပန်လုံမြို့၊ ရပ်ကွက် (၈)နေ မောင်ဆမ်းနေအောင်(ဘ)ဦးညီကျမ်း ၁၃/တပတ(နိုင်)၀၂၈၅၈၆၏ ပတ်စ်ပို့နံပါတ် (MH-၀၉၉၇၆၉)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၉၇၉၁၂၃၄

## ပတ်စ်ပို့ပျောက်ဆုံးကြောင်းကြေညာခြင်း

လားရှိုးမြို့၊ လားရှိုးကြီးရပ်ကွက်နေ ကျင်းလုံ(ဘ)ဦးချာဝင်မျင် ၁၃/လရန(နိုင်)၀၅၇၈၄၂ ၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၉၇၉၁၂၃၄

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၀)၊ မြေကွက်အမှတ်(၇၉၁)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ) ရှိ ဒေါ်ကြည်ကြည်မြ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ခင်ထွေး ၁၀/ကမရ(နိုင်)၀၁၆၈၅၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## အများသိစေရန်ကြေညာချက်

မြစ်ကြီးနားမြို့၊ နယ်မြေ(၈)၊ ဒူကထောင်နေ မနန်သျှရီ ၁/မကန(နိုင်)၁၉၅၅၅၈(အဘ) ဦးကေဘောမ်အောန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ မနန်သျှရီသည် ဦးကေဘောမ်အောန်း၏ တစ်ဦးတည်းသော သမီးဖြစ်ပါသည်။ ဦးကေဘောမ်အောန်းသည် ၂၉-၈-၂၀၂၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျွန်ုပ်တို့မိတ်ဆွေ၏ ဖခင်ဖြစ်သူ ဦးကေဘောမ်အောန်း သက်ရှိထင်ရှားရှိစဉ်က လုပ်ကိုင်ထားခဲ့သော လုပ်ငန်းကိစ္စအဝဝကိုသော်လည်းကောင်း၊ ဦးကေဘောမ်အောန်းမှ ဝယ်ယူပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ သမီးဖြစ်သူ မနန်သျှရီ၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိပါဘဲနှင့် မည်သူတစ်ဦးတစ်ယောက်ကမှ လွှဲပြောင်းရောင်းချ၊ ဝယ်ယူအကျိုးခံစားခွင့်မရှိကြောင်းကို အများသိစေရန်ကြေညာအပ်ပါသည်။

အကယ်၍ ကျွန်ုပ်တို့၏မိတ်ဆွေ မနန်သျှရီ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူသွားမည် ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်လှမျိုးစု (LL.B) | ဒေါ်ထွေးထွေးဝင်း (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၇၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၂၇) |
| အမှတ်(၁၈၀)၊ နိဗ္ဗာန်လမ်းသွယ်(၁)လမ်း၊ | အမှတ်(၂၁၆၄/ခ)၊ မဟာဗန္ဓုလလမ်း၊ |
| နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။ | (ထ /၁၆)ရပ်ကွက်၊ ရွှေပြည်သာ |
| ဖုန်း-၀၉-၂၅၀၀၄၂၂၉၉ | ဖုန်း-၀၉-၄၂၀၀၆၆၇၆၀ |

## ပတ်စ်ပို့ပျောက်

(ဘ)ဦးကျင်စိုး၏သမီး ကျွန်မ မနှင်းနှင်းယု ၆/တသရ(နိုင်) ၀၂၂၇၄၆၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၇၉၂၄၂၇၉၈၄

## အမည်မှန်

ဦးအီစွာရ်ကျန်း၏သား ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ အထက (၂) G-12 မှ မောင်စိုးမောင်၏ အမည်မှန်မှာ မောင်ဘီကာစ် ဖြစ်ပါကြောင်း။

**ဦးအီစွာရ်ကျန်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းအမှတ် (၃၄)၊ (၃၄) ရပ်ကွက်၊ မြေကွက်အမှတ်(၄၆၈)၊ လောပိတလမ်းနှင့် သရဖီလမ်းထောင့်၊ မြေကွက်ရေိယာအလျား(၄၀)ပေxအနံ(၆၀)ပေအကျယ်ရှိ မြေကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးကြည်စိုး ၁၂/သဃက(နိုင်)၀၅၆၂၇၄ အမည်ပေါက်ဖြစ်သော မြေချပါမစ်မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သန်းသန်းဝေ ၁၂/ရပသ(နိုင်)၀၁၆၆၉၀မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်းဝန်ခံပါသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်မြတ်၊ ၆/ပလန(နိုင်)၀၀၅၇၉၀ မှ ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်း များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအဝဝကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေရည်ဝင်းကို(LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၅၃၁၆၆(၃၀-၆-၂၀၂၀)**
**အမှတ်(၃၇၁)၊ စွယ်တော်လမ်း၊ (၂၆)ရပ်ကွက်**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၀၃၇၈၀၁၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(၄၉၈)၊ မေတ္တာလမ်း၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ပေ) ရှိ ဦးမြင့်သိန်း အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးနေလင်း ၁၂/ဒဂတ(နိုင်)၀၉၃၄၄၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

